# နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄

## LWF မြန်မာစီမံကိန်း



THE LUTHERAN WORLD FEDERATION

အတူတကွ ပူးပေါင်းလုပ်ဆောင်ကြပါစို့။

## LWF မြန်မာစီမံကိန်း

### လူသာရမ်ဝါလ် အဖွဲ့အစည်း၏ တာဝန်ခံမှုနှင့် တရားဝင် အသိအမှတ်ပြုလက်မှတ်များ

ကမ္ဘာလုံးဆိုင်ရာ လူမှုအကူအညီပေးရေးအဖွဲ့ (World Service)သည် နိုင်ငံတကာမှ အသိအမှတ်ပြုခံထားရသော လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဌာနတစ်ခု ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာလူမှုအကူအညီပေးရေးဌာန (DWS)၏ တာဝန်ခံမှုဆိုင်ရာဖွဲ့စည်းပုံသည် စီမံကိန်းစီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုစသည်တို့တွင် ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ဆောင်ပေးပါသည်။

DWS သည် နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ သဘာဝဘေးအကူအညီပေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို လိုက်နာရန် လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ DWS သည် အကူအညီပေးရေးလုပ်ငန်းများကို ကမ္ဘာ့လူသားချင်းစာနာရေးအဖွဲ့မှ ထောက်ခံ အတည်ပြုထားသော နည်းလမ်းများ နှင့်အညီ ဆောင်ရွက်နေပါသည်။

DWS သည် အကျိုးခံစားခွင့်ရှိသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်အပေါ် တာဝန်ခံခြင်းအဖွဲ့ (HAP)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ထားပြီး လုပ်ငန်းဆောင်ရွက်မှုတာဝန်ခံခြင်း နှင့် လုပ်ငန်းအရည်အသွေး စီမံခန့်ခွဲခြင်းအတွက် ၂၀၁၀ ခုနှစ်၊ HAP စံနှုန်းအသိအမှတ်ပြုလက်မှတ်ကို ရရှိထားပါသည်။

### ချိတ်ဆက်လုပ်ဆောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

LWF သည် ACT Alliance ၏ အသင်းဝင်အဖွဲ့ ဖြစ်ပါသည်။ ဘာသာရေး၊ နိုင်ငံရေး၊ ကျား/မ ကွဲပြားမှု၊ လူမျိုးရေး (သို့) နိုင်ငံသားမခွဲခြားဘဲ ဆင်းရဲသူများနှင့် အပယ်ခံလူအုပ်စုများ၏ ဘဝအားကောင်းမွန်ပြီး ရေရှည်တည်တံ့သော အပြောင်းအလဲများဖန်တီးပေးရန် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း စံချိန်စံနှုန်းများနှင့်အညီ လူသားအားလုံးကို တန်းတူညီမျှအကူအညီများပေးနိုင်ရန် နိုင်ငံပေါင်း (၁၄၀)ကျော်ရှိ ဘုရားကျောင်း (၁၄၀)ကျော်နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ACT Alliance သည် လူသားချင်းစာနာရေးအကူအညီပေးမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အသိပေးရှင်းလင်းတင်ပြခြင်းစသည့် လုပ်ငန်း (၃)ရပ်ကို အဓိကလုပ်ဆောင်နေပါသည်။

LWF မြန်မာသည် တောင်အရပ်နှင့် အရှေ့တောင်အာရှရှိ နိုင်ငံပေါင်း (၇)နိုင်ငံမှ LWF အဖွဲ့များစုပေါင်းဖွဲ့စည်းထားသော အာရှဂုံအရေးပေါ်အကူအညီပေးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကွန်ယက်၏အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပါသည်။ ထိုကွန်ယက်သည် ကွင်းဆင်းလုပ်ဆောင်နေသူများနှင့် ကိုက်ညီသောသင်တန်းများ တက်ရောက်နိုင်ပြီးသင်ယူခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းများ လုပ်ဆောင်နိုင်ရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

LWF မြန်မာသည် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တက်ကြွအောင်မြင်စွာ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး (အခြေခံပညာဦးစီးဌာန)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းစသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် တွင်ကျယ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။


လူသာရမ်ဝါလ်ဖယ်ဒရေရှင်း - ကမ္ဘာလုံးဆိုင်ရာအကူအညီပေးရေးဌာန

၁၅၀ ရုပ်ဒီ ဖာနီ၊ ပီအို ဘောက်စ် ၂၁၀၀

စီအိတ်ချ် ၁၂၁၁ ဂျနီဗာ ၂၊ ဆွစ်ဇာလန်

ဝက်ဆိုက်။ www.lutheranworld.org

ACT Alliance: www.actalliance.org

လူသာရမ်ဝါလ်ဖယ်ဒရေရှင်း မြန်မာ

အမှတ်(၄၄)၊ ပြည်လမ်း၊ ဘိရှော့ဟုမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖုန်း ။ ၀၉ ၄၉၃၂၂၃၅၇၊ ၀၁၂၂၁၁၈၄

ဖက်(စ်)။ ၀၁ ၃၇၈၀၇၈

အီးမေးလ်။ info2.lwfmm@gmail.com

ဝက်ဆိုက်။ www.lwfmyanmar.org

AZEECON: www.azeecon-lwf.org

ထုတ်လုပ်ရေးညှိနှိုင်းရေးမှူး

သူသူစံ (ပြန်ကြားဆက်သွယ်ရေးအရာရှိ)

ပါဝင်ရေးသားသူများ

သူသူစံ၊ မြရတနာခိုင်၊ ဦးဖေကိုဦး၊ မာတင် ဆလစ်ဇ်၊ ဟိန်းမောင်မောင်

ဒီဇိုင်းနှင့် အပြင်အဆင်

ဦးကျော်သူရ

မူပိုင်ခွင့်အားလုံး LWF မြန်မာနှင့်သာ သက်ဆိုင်ပါသည်။



ရိုးရာဆေးတံ ခဲလျက်ရှိသည့် ချင်းအမျိုးသမီးကြီးတစ်ဦးကို ဝှမ်းခမ်ကျေးရွာ မင်းတပ်မြို့နယ်တွင် တွေ့ရစဉ်။

# မာတိကာ


မြန်မာနိုင်ငံဆိုင်ရာ ဌာနကိုယ်စားလှယ်၏အမှာစကား ၂

LWF မြန်မာအကြောင်း ၃

ကျွန်ုပ်တို့၏ စီမံကိန်းများ ၆

၂၀၁၄ခုနှစ် ဘဏ္ဍာရေးအစီရင်ခံစာ ၇

ကရင်ပြည်နယ် ၈

ကရင်ပြည်နယ်ဖွံ့ဖြိုးရေးခြေလှမ်းများ၏ အစ ၉

ချင်းပြည်နယ် ၁၁

ဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုးသည့် ဝှမ်းခမ်ရွာသားများ ၁၂

ကလေးငယ်များအတွက် တောက်ပသောအနာဂတ် ၁၂

စွန့်ဦးတီထွင်စီးပွားရေးသမားနှင့် ကျောင်းဆရာမဇနီးမောင်နှံ ၁၄

အသက်မွေးဝမ်းကြောင်းဖော်ဆောင်ရေးအတွက် အမျိုးသမီးစွမ်းရည်မြှင့်တင်ခြင်း ၁၅

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ၁၇

မြစ်ဝကျွန်းပေါ်ဒေသလူ့အဖွဲ့အစည်း၏ အနှစ်သာရာ ၁၈

ပွင့်လင်းမြင်သာမှု(သို့မဟုတ်)ရှေ့ဆက်သွားမည့်လမ်း ၁၉

အစောပိုင်းကာလပညာပေးရေးနှင့် ကလေးသူငယ်အခွင့်အရေး ၂၀

ရခိုင်ပြည်နယ် ၂၂

ရွှေ့ပြောင်းနေထိုင်သူများ၏ စိုးရိမ်ပူပန်မှုများကို လျော့ချပေးခြင်း ၂၃

အလွန်အမိပ္ပါယ်ရှိတဲ့ ဆရာမတစ်ယောက်ဘဝ ၂၄

(၆) ရက်တာသင်တန်း ၂၅

သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ဖို့ အကောင်းဆုံး နမူနာတစ်ခု ၂၅

ဘဝအမောများထဲမှ အပြုံးပန်းများ ၂၇

ကျောင်းအသုံးအဆောင်များ ၂၇

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ စံနမူနာ လူမှုစိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများ ၂၉

လုပ်ငန်းခွင်အခက်အခဲများ ၃၁

# မြန်မာနိုင်ငံဆိုင်ရာဌာနကိုယ်စားလှယ်၏ အမှာစကား

ကျွန်တော့်အနေဖြင့် LWF မြန်မာ၏နှစ်ပတ်လည်အစီရင်ခံစာ (၂၀၁၄) ကို ဂုဏ်ယူစွာဖြင့် မိတ်ဆွေများနှင့် မျှဝေလိုက်ပါသည်။ အစီရင်ခံစာထဲတွင် LWF ၏ (၆)နှစ်တာ မဟာဗျူဟာနှင့် စပ်လျဉ်းသည့် ၂၀၁၄ခုနှစ်၏ လုပ်ငန်း ဆောင်တာများနှင့် ၂၀၁၅ခုနှစ် အတွက် စီမံကိန်းလျာထားချက်များပါဝင်ပါ သည်။ ပါဝင်ပြောဆိုခွင့် နည်းပါးသော ဆင်းရဲနွမ်းပါးသူများကို အဓိကထား ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၏ အောင်မြင်မှုရလဒ်များကို ဦးစားပေး ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

လူထုအခွင့်အရေးအခြေပြုစွမ်းဆောင်ရည်မြှင့်တင်ခြင်းနည်းလမ်းသည် LWF ၏ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ၂၀၁၄ခုနှစ်၏ အောင်မြင်မှုများသည် လူထုကိုဦးတည်သည့် LWF ၏ ဖွံ့ဖြိုးမှု ပုံစံကြောင့် ဖြစ်ပြီး စိတ်ခွန်အား၊ နည်းပညာအထောက်အပံ့တို့ဖြင့် ပါဝင်ကူညီခဲ့သည့် မိတ်ဖက်အဖွဲ့အစည်းများ (လုပ်ဆောင်ရန် တာဝန်ရှိသူများနှင့် အခွင့်အရေးလိုလားသူများအပါအဝင်) အလှူရှင်များအားလုံးကို အထူးပင် ကျေးဇူးတင်ပါသည်။ (မိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်များစာရင်းကို အစီရင်ခံစာထဲတွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။) LWF နှင့်အတူ လက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် LWF ၏ မဟာဗျူဟာဦးတည်ချက်(၄)ချက်ဖြစ်သည့် (၁) ရပ်ရွာပြည်သူလူထု၏ စွမ်းဆောင် ရည်မြှင့်တင်ပေးခြင်း (၂) ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးခြင်း (၃)အရေးပေါ် တုံ့ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲခြင်းနှင့်(၄)အဖွဲ့အစည်းနှင့်သက်ဆိုင်သောဖွံ့ဖြိုးရေးကို လုပ်ဆောင်ခြင်းစသည်တို့ကို အားကောင်းစေသည့် ပြောင်းလဲမှု၏ သက်သေသာဓကများကို မိတ်ဆွေတို့လည်း ဤအစီရင်ခံစာမှ တစ်ဆင့် တွေ့မြင်ရမည် ဖြစ်ပါသည်။

အိမ်ထောင်စု (၁၀ ၃၈၄)ရှိ လူဦးရေပေါင်း (၅၂ ၅၆၄) (အမျိုးသမီး ၅၂.၆%)မှ (၁၃၈)ယောက်သော ကျေးလက်နေလူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ရပ်ရွာလူမှုအဖွဲ့အစည်းများဖြစ်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (သို့) စခန်းစီမံခန့်ခွဲရေး ကော်မတီဝင်များသည် မိမိဒေသဖွံ့ဖြိုးရေးအတွက် အစီအစဉ်များဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းများကို ၎င်းတို့၏ ပူးပါင်းပါဝင်မှုဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ ဆုံးဖြတ်ချက်ချသည့် အပိုင်းတွင်အမျိုးသမီးများနှင့် လူငယ်များ၏ပါဝင်မှုလည်း မြင့်တက်လာပါ သည်။

မွေးမြူရေးနှင့် အခြားအသက်မွေး ဝမ်းကြောင်း လုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြင့် မိတ်ဖက်အိမ်ထောင်စုပေါင်း (၆၅၀)ခန့်၏ စီးပွားရေး အခြေအနေများ ပိုမိုကောင်းမွန်လာပါသည်။ ကျေးရွာအဖွဲ့အစည်းများ၏ ငွေစုငွေချေးစနစ်သည် လည်း စီမံကိန်းဝင် အိမ်ထောင်စုများ၏ စီးပွားရေး အခြေအနေကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါသည် ကောင်းမွန်သည့် ပညာရေးစနစ်ရရှိနိုင်သည့် အခွင့်အရေးများလည်း တိုးတက်လာပါသည်။ ထို့အပြင် ရေကောင်းရေသန့်ရရှိရေး၊ တကိုယ်ရည် သန့်ရှင်းရေးနှင့် အခြေခံအဆောက်အအုံ အသုံးပြုခြင်းများလည်း တိုးတက်လာပါသည်။

အရေးပေါ်တုံ့ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲခြင်းအတွက် ရပ်ရွာအခြေပြုသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီများနှင့် ကော်မတီခွဲများကို စီမံကိန်းရွာများတွင် ဖွဲ့စည်းထားပါသည်။

အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဖွံ့ဖြိုးရေးအတွက်ဝန်ထမ်းဖွဲ့စည်းပုံ၊ စနစ်များ၊ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံကိန်း မဟာဗျူဟာများကို ပိုမိုကောင်းမွန်အောင်ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကျေးရွာအဆင့်မှ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့် အစိုးရဌာနများနှင့် ကွန်ရက်များတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပြီး LWF မြန်မာအား အခြေအနေနှင့် လိုက်လျောညီထွေစွာ ထိထိရောက်ရောက်ဆောင်ရွက်နိုင်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃တွင် LWF ၏ဝင်ငွေနှင့် အသုံးစရိတ်ပေါင်း (၂ ,၁၉၁ ,၁၄၁ , ,၀၂၁ ကျပ်) ရှိခဲ့ပြီး ၂၀၁၄တွင် ခန့်မှန်းခြေ (၃, ၈၆၆, ၈၁၀, ၃၂၄ ကျပ်)ခန့်ရှိပါသည်။ ၇၆% တိုးပွားလာရခြင်းမှာ ပြီးခဲ့သည့်နှစ်က UNHCR, UNICEF, ECHO/FCA, FCA နှင့် Czech Diaconia (ECCB) တို့၏ပံ့ပိုးကူညီမှုကြောင့် ဖြစ်ပါသည်။

၂၀၁၃တွင်နိုင်ငံသားဝန်ထမ်း၈၅ဦးနှင့်နိုင်ငံခြားသားဝန်ထမ်း ၇ဦးသာရှိပြီး ၂၀၁၄တွင် ၁၁၉ဦးနှင့် ၈ဦးအထိ တိုးပွားလာခဲ့ပါသည်။

ထို့အပြင် ၂၀၁၄တွင် LWF၏ကမ္ဘာလုံးဆိုင်ရာစီမံကိန်းရေးဆွဲစောင့်ကြပ်အကဲဖြတ်သည့်စနစ်နှင့် နိုင်ငံတကာအလှည့်ကျအစီရင်ခံစာတို့ကို ကနဦးအဆင့် စတင်အကောင်အထည်ဖော်လျက် ရှိပါ သည်။

အဖွဲ့အစည်း၏ စုပေါင်းအင်အားဖြင့် ယခုကဲ့သို့ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ခြင်းဖြစ်၍ အလွန်ပင်ဂုဏ်ယူ ဝမ်းမြောက်မိပါသည်။ ဆက်လက်ပြီး အတူတကွ ပူးပေါင်း လုပ်ဆောင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်ခံစားလွယ်သူများ၏ လူ့အခွင့်အရေးများကို အကောင်းဆုံး အကျိုးဆောင်ပေးကြပါစို့။




ဒေးဗစ်မြူလာ
မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်

# LWF မြန်မာအကြောင်း

LWF သည် ကမ္ဘာတစ်ဝှမ်းလုံးမှ အယူအဆတူသူများ ဖွဲ့စည်းထား သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း (၇၉) နိုင်ငံ၌အဖွဲ့ဝင်ပေါင်း(၁၄၄)ဖွဲ့ရှိပါသည်။ ဒုတိယကမ္ဘာစစ်အပြီး(၁၉၄၇)ခုနှစ်တွင်ဆွီဒင်နိုင်ငံလမ်ဒ်မြို့တွင်စတင်ဖွဲ့စည်းခဲ့ပါသည်။ လူမျိုး၊ ကျား-မ၊ ဘာသာရေး၊ တိုင်းရင်းသားမျိုးနွယ် (သို့) နိုင်ငံရေးယုံကြည်ချက်ကွဲပြားမှုစသည်တို့ကို မခွဲခြားဘဲအကူအညီ ပေးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ကမ္ဘာလုံးဆိုင်ရာ လူမှုအကူအညီပေးရေးဌာနကို ဖွဲ့စည်းထားပါ သည်။

LWF မြန်မာသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိထောင်ပေါင်း များစွာသော အသက်များကို ဆုံးရှုံးစေခဲ့သည့် နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြောင့် ပျက်စီးမှုများကို အကူအညီပေးရန် ACT ၏ ပံ့ပိုးမှုဖြင့် (၂၀၀၈)ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်လာခဲ့ပါသည်။


## ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ

LWF မြန်မာသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ နာဂစ်မုန်တိုင်းကြောင့်ပျက်စီးမှုများကို အကူအညီပေးရန် ၂၀၀၈ ခုနှစ်ကတည်းက ကျေးရွာပေါင်း ၅၀တွင် စတင်ဆောင်ရွက်ခဲ့သည်။ အစကနဦးတွင် LWFသည် အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခု ဖြစ်သည့် မြန်မာနိုင်ငံဧဝံဂေလိလူသာရမ်အသင်းတော်မှတစ်ဆင့် နာဂစ်မုန်တိုင်းအတွက် အရေးပေါ်အကူအညီပေးရေးလုပ်ငန်း များကို (ဒေးဒရဲ(၆)ရွာ၊ ဖျာပုံ(၁၆)ရွာ၊ ဘိုကလေး (၁၈)ရွာနှင့် တွံ့တေး(၁၀)ရွာတွင်) လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် ဘိုကလေးမြို့နယ်ရှိ ကျေးရွာပေါင်း(၁၈)ရွာတွင် (၁နှစ်တာစားနပ် ရိက္ခာဖူလုံရေးစီမံချက်၊ ကျေးရွာပေါင်း(၅၀)တွင် (၃)နှစ်တာ ကျေးလက်ဘက်စုံဖွံ့ဖြိုးရေးစီမံချက်တို့ကို အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပါသည်။ ကျေးလက်ဘက်စုံဖွံ့ဖြိုးရေးစီမံချက် ပထမပိုင်းသည် ဒီဇင်ဘာလ ၂၀၁၂ခုနှစ်တွင်ပြီးဆုံးခဲ့ပြီး ဒုတိယအဆင့်(လူ့အခွင့်အရေးကိုအခြေခံသောစွမ်းဆောင်ရည်မြှင့်တင် ပေးခြင်းဟုအမည်ပြောင်းထားသည့် (၃)နှစ် စီမံချက်)ကို ဇန်နဝါရီလ ၂၀၁၃ခုနှစ် တွင်စတင်ခဲ့သည်။

(၂၆)လကြာမြင့်သည့် ကလေးနှင့်လူငယ်ဖွံ့ဖြိုးရေးစီမံချက်သည် ဒီဇင်ဘာလ ၂၀၁၃ခုနှစ်တွင် ကျေးရွာပေါင်း(၅၀) တွင်ပြီးမြောက်ခဲ့သည်။ ထိုစီမံချက်မှကလေး၊ လူငယ်နှင့်အမျိုးသမီးများ၏အခွင့်အရေးကိုမြှင့်တင့်ပေးနိုင်ခဲ့သည်။ ကလေးများ၏ ပညာရေးနှင့် မိဘ၊ ဆရာတို့၏ စိတ်နေသဘောထားအပေါ်ထိရောက်မှုရှိပြီး အမျိုးသမီးများနှင့် လူငယ်များအတွက်လည်းများစွာ အကျိုးရှိခဲ့ပါသည်။ လူငယ်အဖွဲ့များ၏ လမ်းညွှန်မှုအောက်တွင် ကလေးအဖွဲ့ပေါင်း (၅၀)ကျော်သည် ယနေ့အချိန်ထိဆက်လက် အသက်ဝင်လှုပ်ရှားလျက်ရှိပါသည်။

၂၀၁၄ ဧပြီလတွင် ၄င်းဒေသရှိ အမျိုးသမီးများ၏ စွမ်းဆောင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ကို မြှင့်တင်ပေးရန် ဒေးဒရဲရှိ ရွာ(၆)ရွာတွင် အမျိုးသမီးများအသက်မွေးဝမ်းကြောင်းဖော်ဆောင်ရေးစီမံကိန်းကို စတင် အကောင်အထည်ဖော်ခဲ့သည်။

၂၀၁၅တွင် လူ့အခွင့်အရေးကို အခြေခံသော စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် စီမံကိန်းကို လက်ရှိရွာများတွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီးအမျိုးသမီးများအသက်မွေးဝမ်းကြောင်းဖော်ဆောင် ရေးစီမံကိန်းကိုမူ ဖျာပုံရှိ(၁၆)ရွာသို့ တိုးချဲ့မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၅နှစ်ကုန်တွင် LWF မြန်မာသည် အမျိုးသမီးများအသက်မွေးဝမ်းကြောင်း ဖော်ဆောင်ရေး စီမံကိန်းကို ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ရွာပေါင်း (၂၂)ရွာ တွင် ဆောင်ရွက်နေမည် ဖြစ်ပါ သည်။





ချင်းအမျိုးသမီးတစ်ဦးကို သူမ၏ ရင်ခွင်ပိုက်အရွယ် ကလေးနှင့်အတူ ဘောင်ကျေးရွာတွင် တွေ့ရစဉ်။

မိတ်ဖက်အိမ်ထောင်စုများနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းများသည် မိမိရပ်ရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့်ဖြည်းဖြည်း မှန်မှန်ဆောင်ရွက်လျက်ရှိသည်။ ရပ်ရွာလူထုကို ကိုယ်ပိုင်လုပ်ကိုင်နိုင်ခွင့် လွှဲပြောင်းပေးနိုင်ရန်အလို့ငှာ LWF မြန်မာ၏ ကွင်းဆင်းဝန်ထမ်းအရေအတွက်ကို ဖြည်းဖြည်းချင်းလျော့ချနေပါသည်။ အဆိုပါအခြေအနေသို့ရောက်ရှိရန် ကျေးလက်လူထု စွမ်းဆောင်ရည်မြှင့်တင်ရေးတာဝန်ခံများက စွမ်းစွမ်းတမံကြိုးပမ်းခဲ့ကြပါသည်။ လာမည့်နှစ်တွင် LWF မြန်မာ၏စီမံကိန်းရွာရှိ ရွာသားများ ကိုယ်တိုင်စီမံခန့်ခွဲ အုပ်ချုပ်နိုင်ရေးကို ရည်ရွယ်ပါသည်။

## ချင်းပြည်နယ်

LWF မြန်မာသည် မြစ်ဝကျွန်းပေါ်တွင် အောင်မြင်နေသည့် ဖွံ့ဖြိုးမှုပုံစံအား ချင်းတောင်တန်းတွင် ၂၀၁၃ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်သည့် ချင်းပြည်နယ်သည် အစာရေစာရှားပါးမှုဒဏ်ကို ခံစားရသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ကျေးလက်နေပြည်သူများအတွက် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကြောင်းကိုဖန်တီးရန် အလို့ငှာ (၃)နှစ်သက်တမ်းရှိ အစားအစာရှားပါးမှုဒဏ်ကိုခံနိုင်ရည်ရှိသော လူ့အသိုင်းအဝိုင်းထူထောင်နိုင်ရေးစီမံချက်ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါသည်။ ၂၀၁၄ခုနှစ်တွင် လူ့အခွင့်အရေးအခြေပြုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းစီမံချက်ကို မင်းတပ်မြို့ရှိ ရွာပေါင်း ၁၄ရွာမှ ၃၀ အထိ တိုးချဲ့နိုင်ခဲ့သည်။ ထို့အပြင် မတူပီမြို့ရှိ ရွာပေါင်း ၂၁ရွာတွင် အခြေချနိုင်ခဲ့ပြီး ၂၀၁၅တွင် လုပ်ငန်းများစတင်အကောင်အထည်ဖော်မည် ဖြစ်သည်။ မတူပီမြို့တွင် ရုံးခွဲဖွင့်လှစ်ရန်လည်း အစီအစဉ်ရှိပါသည်။ သို့ဖြစ်၍ ၂၀၁၅နှစ် ကုန်တွင် ချင်းပြည်နယ်၌ စီမံချက်ဝင်ကျေးရွာပေါင်း (၅၇)ရွာ ဖြစ်လာမည်ဖြစ်သည်။ ဝေးလံခေါင်ဖျားသည့် ချင်းပြည်နယ်၏ စီမံကိန်းချဲ့ထွင်မှုသည် ဒေသခံများ၊ ဒေသဆိုင်ရာအကြီးအကဲများနှင့် LWF အကြား ကောင်းမွန်သည့် ဆက်ဆံရေးကိုတည်ဆောက်နိုင်သည့် ပြယုဒ်ပင်ဖြစ်သည်။ စီမံကိန်းအခက်အခဲမရှိ ဆောင်ရွက်နိုင်ခြင်းသည် ဒေသခံအကြီးအကဲများ၏ ပူးပေါင်းပါဝင်မှုနှင့် LWF မှ စွမ်းဆောင်ရည်မြှင့်တင် ခြင်းဆိုင်ရာသင်တန်းများ ရရှိထားသည့် ဒေသခံဝန်ထမ်းများ၏ကြိုးပမ်းအားထုတ်မှု ကြောင့်ပင် ဖြစ်ပါသည်။

## ကရင်ပြည်နယ်

LWF မြန်မာသည် ကရင်ပြည်နယ်၊ ဖားအံမြို့စီမံကိန်းရုံးခွဲကို ၂၀၁၃တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ မြန်မာ့ရွှေ့ပြောင်း လုပ်သား(၁၃၀၀၀၀)ခန့်နှင့် ဆင်းရဲနွမ်းပါးသူများကို ကူညီပေးရန်အတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ရန်ကြိုးပမ်းလျက်ရှိပါသည်။ အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသည့် အဖွဲ့အစည်းများ အကြားအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရယူထားသော်လည်း လက်ရှိတွင် အခြေအနေများ မတည်ငြိမ်သေးသည့်အတွက် LWF မြန်မာကွင်းဆင်းဝန်ထမ်းများ၏ လုံခြုံရေးမှာ အပြည့်အဝစိတ်ချရမှုမရှိပါ။ ယင်းကဲ့သို့ရှုပ်ထွေးပြီး စိန်ခေါ်မှုများပြည့်နှက်နေသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေရသော်လည်း ၂၀၁၄တွင် LWF မြန်မာ၏ စီမံကိန်းလျာထားသည့် ကျေးရွာ ၃၂ရွာအနက် ၁၉ရွာ တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများစတင် လုပ်ကိုင်နိုင် ခဲ့သည်။



ရခိုင်ပြည်နယ် စက်ရုံစုစခန်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်နေစဉ်။



ချင်းပြည်နယ်၊ ဘောင်ကျေးရွာရှိ မိတ်ဖတ်အိမ်ထောင်စုဝင် အမျိုးသမီးနှင့် တွေ့ဆုံမေးမြန်းနေသည့် အသက်မွေးဝမ်းကြောင်းအရာရှိ



ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် ဘောင်ကျေးရွာရှိ မူလတန်းကျောင်းသားများ

## ရခိုင်ပြည်နယ်

၂၀၁၃တွင် LWF မြန်မာသည် ACT ၏ပံ့ပိုးပေးမှု (MTR131) ဖြင့် ရခိုင်ပြည်နယ်စစ်တွေမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုကြောင့် နေအိမ်များမှ ရွှေ့ပြောင်းခဲ့ရသောဒေသခံများအား လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးခဲ့သည်။

စစ်တွေရှိဝန်ထမ်းများသည် ဒေသတွင်းဘာသာရေးနှင့် လူမျိုးရေးအယူအဆကွဲလွဲမှုများကြောင့် နေ့စဉ်ဖိအားများဖြင့်ရင်ဆိုင်နေရသော်လည်းဖြစ်လာသည့် အခြေအနေပေါ်တွင် အကောင်းဆုံးထမ်းဆောင်လျက်ရှိပါသည်။

၂၀၁၄တွင် ကလေးသူငယ်များဘဝငြိမ်းချမ်းရေး ဥရောပကော်မရှင်စီမံကိန်းမှတစ်ဆင့် အရေးပေါ်ကာလ ပညာသင်ကြားရေးကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် UNHCR ၏ ထောက်ပံ့မှုဖြင့် စခန်းစီမံခန့်ခွဲမှုလုပ်ငန်းကို ပေါက်တောမြို့တွင် တိုးချဲ့လုပ်ဆောင်ခဲ့ပါသည်။ UNICEFနှင့် ပူးပေါင်းလုပ်ဆောင်၍ အရေးပေါ်ကာလ ပညာသင်ကြားရေးအစီအစဉ်ကို စစ်တွေ၊ ပေါက်တောနှင့် မြောက်ဦးရှိဒေသခံများနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် တိုးချဲ့လုပ်ဆောင်ခဲ့ပါသည်။ လက်ရှိတွင် ဒေသခံများ၊ မွတ်ဆလင်များနှင့် ဗုဒ္ဓဘာသာဝင်များအားလုံး အပါအဝင် လူဦးရေ(၁၁၇ ၆၀၈)ကို ကူညီပံ့ပိုးပေးလျက် ရှိပါသည်။ ၄င်း အရေအတွက်သည် ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေထိုင်သူဦးရေ (၈၀%)ကျော်ရှိပါသည်။

၂၀၁၅တွင် ဥရောပသမဂ္ဂမှ ငွေကြေးအကူအညီများ ထပ်မံရရှိသဖြင့် ပညာရေးဆိုင်ရာ အထောက်အပံ့များကို အမ်းမြို့တွင် တိုးချဲ့လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်း ပဋိပက္ခတိုက်ရိုက် သက်ရောက်မှုမရှိသောဒေသများရှိ ကလေးများ၏ ပညာရေးအခြေအနေမှာလည်း လိုအပ်လျက်ရှိသောကြောင့် ဖြစ်ပါသည်။ စာသင်ကျောင်းများ ဆောက်လုပ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ သန့်ရှင်းသည့် ရေအရင်းအမြစ်ရရှိရန် ဆောင်ရွက်ခြင်း၊ ကလေးငယ်များ၏ တကိုယ်ရည်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ခြင်း၊ ကလေးများ ဘဝလုံခြုံရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ ကလေးအဖွဲ့ မိဘဆရာအသင်းစသည်တို့ကို ဖွဲ့စည်းခြင်း၊ ကျောင်းသုံးပစ္စည်းများထောက်ပံ့ခြင်း တို့ကို ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်

"မြန်မာ ပြည်သူပြည်သားများသည် တရားမျှတသော လူ့ဘောင် အဖွဲ့အစည်းအတွင်းတွင် ငြိမ်းချမ်းပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်ကြရန်၊ မတူကွဲပြားသော်လည်း စည်းလုံးညီညွတ်စွာအတူယှဉ်တွဲ နေထိုင်နိုင်ရန်၊ အခြေခံလိုအပ်ချက်များနှင့် ဘဝအရည်အသွေးများ ပြည့်ဝသော ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးများကိုရယူနိုင်သည့် စွမ်းဆောင်ရည်များ မြင့်တက်လာစေရန်။"

## ကျွန်ုပ်တို့၏ ခံယူချက်

"LWF မြန်မာသည် လူသားများ ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိခံစားနိုင်စေရန် ၄င်းတို့၏ စွမ်းဆောင်ရည်များ မြှင့်တက်လာရေးအတွက် ကူညီပေးခြင်းဖြင့် တွေ့ကြုံခံစားနေရသော ဆင်းရဲဒုက္ခနှင့် ဆင်းရဲနွမ်းပါးမှုများကိုဖြစ်စေသည့် အကြောင်းအရင်းနှင့် အကျိုးဆက်များကို ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ပါမည်။"

## ကျွန်တော်တို့၏ ရည်မှန်းချက်ပန်းတိုင်

လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနည်းလမ်းမှ တစ်ဆင့်ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကို လုပ်ဆောင်ပြီး မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုရန်။

## ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများ

ဂုဏ်သိက္ခာနှင့် တရားမျှတမှု၊
ဂရုဏာထားဆောင်ရွက်ခြင်းနှင့် ခိုင်မာသော ခံယူချက်ရှိခြင်း၊
အမျိုးမျိုးသော ကွဲပြားခြားနားမှုများအပေါ် လေးစားခြင်း၊
အများပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
တာဝန်ခံခြင်းနှင့်ပွင့်လင်းမြင်သာမှုရှိခြင်း။



# ကျွန်ုပ်တို့၏ စီမံကိန်းများ

ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်ခံစားလွယ်သူများ၏အခွင့်အရေး များကို မြှင့်တင်ရန် ခိုင်မာသောခံယူချက်ဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲကာဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ လူသားအားလုံးဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ရေးတို့ကို ဆောင်ရွက်နေပါ သည်။

ကျွန်ုပ်တို့သည် ပါဝင်ပြောဆိုခွင့်နည်းပါးသော ဆင်းရဲနွမ်းပါး သူများကို အဓိကထားဆောင်ရွက်ပါသည်။ ရပ်ရွာလူထုသည် ကြုံတွေ့ နေရသော ပြဿနာများကို ၄င်းတို့ကိုယ်တိုင် ဖော်ထုတ်ဖြေရှင်း လာနိုင်စေရန်နှင့် ၄င်းတို့၏ အခွင့်အရေးနှင့် တာဝန်များကိုသိရှိလာစေရန် လူ့အခွင့်အရေးအခြေပြုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းနှင့် ဘက်စုံ ပေါင်းစပ်နည်းလမ်းဖြင့် လုပ်ဆောင်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အရေးပေါ်သဘာဝဘေးအန္တရာယ်အကူအညီပေးရေး၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးရေးစသော ကဏ္ဍများကို ဟန်ချက်ညီညီချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်း လျှက်ရှိပါသည်။ ယခုအခါ အောက်ပါလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိ နေပါသည်။

**အရေးပေါ်အကူအညီပေးရေး ။** LWF မြန်မာသည် သဘာဝနှင့်လူလုပ် ကပ်ဘေးများကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကိုထိခိုက် ခံစားနေရသော ရပ်ရွာလူထုအား အရေးပေါ်အကူအညီများ ပံ့ပိုးပေး လျက် ရှိပါသည်။ ထိခိုက်ခံစားလွယ်သော ရပ်ရွာလူထု၏ အခြေခံ လိုအပ်ချက် များကို ဖြည့်ဆည်းပေးရန် ပူးပေါင်းဆောင်ရွက်သော နည်းလမ်းကို အသုံးပြုပြီး အကူအညီပေးလျက်ရှိပါသည်။ ထို့အပြင် ၄င်းတို့၏အသက် မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် ထူထောင်နိုင် ရေးကိုလည်း ပံ့ပိုးပေး လျက်ရှိပါသည်။

**အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ။** LWFမြန်မာသည် လူမှုရေး၊ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပိုမို ကောင်းမွန်လာစေရန်အတွက်ရပ်ရွာလူထုအား နည်းပညာအသစ်များ သင်ယူနိုင်ရန်နှင့်အသိပေးဆွေးနွေးမှုများလုပ်ကိုင်နိုင်ရန်ရပ်ရွာလူထု၏ စွမ်းရည်နှင့်ကျွမ်းကျင်မှုများကိုတိုးတက်အောင်လုပ်ဆောင်ပေးပါသည်။ လူ့အခွင့် အရေးအခြေပြုစွမ်းဆောင်ရည်မြှင့် တင်ခြင်းနည်းလမ်းကို အသုံးပြုပြီး ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းကိုလုပ်ဆောင် နေပါသည်။ လူ့အခွင့်အရေးကို အခြေပြုသော စွမ်းဆောင်ရည် မြှင့်တင်ပေးရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းမှ တစ်ဆင့် ကျေးလက်ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးကူညီပေးလျက်ရှိသည်။

**သန့်ရှင်းသော ရေနှင့်တကိုယ်ရည် ကျန်းမာရေး ။** သန့်ရှင်းသောရေကို သုံးစွဲခွင့်ရရှိခြင်းသည် လူသားအားလုံး၏ အခွင့်အရေးဖြစ်ပါသည်။ LWF မြန်မာသည် ရပ်ရွာလူထုအား သန့်ရှင်းပြီး သောက်သုံးရန် စိတ်ချရသော ရေရရှိရေးနည်းစနစ်များကို ဖော်ထုတ်ထိန်းသိမ်းသွားရန် ကူညီပေးခြင်းနှင့် ကျန်းမာသောဘဝရရှိရန် တစ်ကိုယ်ရည် သန့်ရှင်းရေး အလေ့ အကျင့်ကောင်းများကို ပညာပေး လုပ်ဆောင်ပါသည်။

**သဘာဝဘေးအန္တရာယ်လျော့ပါးရေး ။** LWF မြန်မာသည် ကျေးရွာလူထု အား ရပ်ရွာလူထုအခြေပြု သဘာဝဘေးအန္တရာယ်လျော့ပေါ့ ရေးစီမံ ခန့်ခွဲမှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကူညီပံ့ပိုး ပေးပါသည်။ ထိုလုပ်ငန်း များတွင် သဘာဝဘေးစီမံခန့်ခွဲရေး အဖွဲ့ငယ်များ အားသင်တန်းများပေး ခြင်း၊ အသိအမြင်များဖွင့်ပေးခြင်း၊ ကြိုတင်ကာ ကွယ်ခြင်းနှင့် ထိခိုက်မှု လျော့ပါးအောင် ဆောင်ရွက်ခြင်း များပါဝင်ပါသည်။ ထို့အပြင် ရပ်ရွာ လူထုအား သောက်သုံးရေ အလွယ်တကူ ရရှိစေရန်နှင့် စာသင် ကျောင်း များပြန်လည် တည်ဆောက်ရန် အကူအညီပေးခြင်း၊ တံတား ငယ်များ တည်ဆောက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လျှင် ခိုလှုံ ရန် ဘက်စုံသုံးကျေးရွာခန်းမများ တည်ဆောက်ခြင်းနှင့် အခြားသော အခြေခံ အဆောက်အအုံများ တည်ဆောက်နိုင်ရန် ပံ့ပိုး ကူညီပေး လျက်ရှိ ပါသည်။

**လူ့အခွင့်အရေး ။** ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးသည် သက်ဆိုင်ရာဌာနများနှင့် ရပ်ရွာလူထုတို့၏ လက်ခံယုံကြည်မှုအပေါ်တွင် မူတည်နေသည်ဟု LWF မြန်မာမှ ယုံကြည်ပါသည်။ LWFမြန်မာသည် ရပ်ရွာလူထုအား ၄င်းတို့၏ အခွင့်အရေးများနှင့်တာဝန်များကို သိရှိ နားလည်စေရန် လုပ်ဆောင်ပေးပါသည်။ ကျွန်ုပ်တို့၏နည်းလမ်းမှာ လိုအပ်သည့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန်အတွက် အောက် ခြေမှ အထက်သို့တင်ပြနိုင်ခွင့်ပိုမိုရှိလာ စေရန်လုပ်ဆောင်ပေး ပါ သည်။ ကျေးရွာလူထုမှ သတ်မှတ်ဖော်ထုတ်ထားသောစီမံချက်များ အား အကောင်အထည် ဖော်ဆောင်ရွက်ပြီး ထိုစီမံချက်များအားလူ့အခွင့် အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ခြင်းလမ်းစအဖြစ် အသုံးပြု ပါသည်။ ဆင်းရဲနွမ်းပါး မှုတိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ မူဝါဒအပြောင်းအလဲများကို အသိပေးရှင်းပြရန်အတွက် အခြားလုပ်ငန်း တူ အဖွဲ့အစည်းများနှင့် နိုင်ငံတော် အဆင့် ကွန်ယက်များနှင့် ချိတ်ဆက် လုပ်ဆောင်ပါသည်။

**လူ့အခွင့်အရေးအခြေပြုစွမ်းဆောင်ရည် မြှင့်တင်ပေခြင်း။** စွမ်းဆောင် ရည်မြှင့်တင်ခြင်းဆိုသည်မှာ လူတစ်ဦးချင်း၊ အိမ်ထောင်စု၊ စိတ်တူ ကိုယ်တူအဖွဲ့များ၊ ရပ်ရွာလူထုများ၏ စွမ်းရည်နှင့် ယုံကြည်မှုများ မြင့်တက်လာရန် လုပ်ဆောင်ပေးပြီး ၄င်းတို့ကိုယ်တိုင် ရပ်ရွာအတွက် ရလဒ်ကောင်းများ ဖန်တီးနိုင်ရန်အားပေးလုပ်ဆောင် ခြင်းဖြစ်စဉ်ဖြစ် သည်။ လူ့အခွင့်အရေးကို အခြေပြု၍ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း ဆိုသည်မှာ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ပြဋ္ဌာန်း ဥပဒေ များ၊ မူဝါဒများ၊ နိုင်ငံတော်အစိုးရမှ သဘောတူလက်မှတ်ရေးထိုးထား သောသဘောတူညီချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်တွင် ဖော်ပြထားသော အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများအားလေးစားရန် ကာကွယ် စောင့်ရှောက်ရန် နှင့် ဖြည့်ဆည်းပေးရန်အတွက် တာဝန်ရှိသူများနှင့် အခွင့်အရေးခံစားခွင့် ရှိသူများ နှစ်ဦးနှစ်ဘက်စလုံးသိရှိနားလည်လာရန် အတွက် ဆောင်ရွက် ပေးခြင်းဖြစ်သည်။

## မဟာဗျူဟာ ဦးတည်ချက်များ

**ရပ်ရွာလူထု၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း ။** သာတူညီမျှရှိပြီးရေ ရှည်ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဒေသခံများ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ပိုမိုကောင်းမွန်လာစေရန်။

ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ။ ရပ်ရွာလူထုအား ပိုမိုကောင်းမွန်ပြီးရေရှည် တည်တံ့သော လူမှုစီးပွားနှင့်သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်။

အရေးပေါ်အခြေအနေများအား တုန့်ပြန်မှုနှင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲခြင်း။ ရပ်ရွာလူထုအားသဘာဝဘေးအန္တရာယ်များမှ လျော့ပါးသက်သာစေနိုင်ရန်စီမံခန့်ခွဲခြင်းနှင့်အရေးပေါ်အခြေအနေများ အတွက် ကြိုတင်ပြင်ဆင်ပြီး ထိရောက်စွာ တုံ့ပြန် ဆောင်ရွက် နိုင်စေရန်။


**အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်း။** LWF မြန်မာကို ထိရောက်ပြီး အခြေအနေနှင့် လိုက်လျောညီစွာ ဆောင်ရွက် နိုင်သော အဖွဲ့အစည်းဖြစ်လာစေရန်။

ရခိုင်ပြည်နယ် စက်ရုံစုစခန်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်နေစဉ်။

# ၂၀၁၄ခုနှစ် ဘဏ္ဍာရေးအစီရင်ခံစာ

မြန်မာနိုင်ငံရှိ ပြည်သူလူထုအား ကူညီနိုင်ရန် ကျွန်ုပ်တို့အား စိတ်ခွန်အား၊ နည်းပညာနှင့် ငွေကြေးများ ပံ့ပိုးပေးလျက်ရှိသောအလှူရှင်များအားလုံးကို ကျေးဇူးတင်ပါသည်။


## အလှူရှင်တစ်ဦးချင်းစီ၏ ပံ့ပိုးငွေပုံစံကားချပ် (ယူရိုငွေကြေးနှင့် ဖော်ပြသည်။)



| | | |
|---|---|---|
| ဩစတြေးလျ လူသရမ်ဝေါလ် အကူအညီပေးရေးအဖွဲ့ | ၂၄,၂၅၃ | ၀.၈၁% |
| Bread for thr World | ၂၇၃,၇၀၅ | ၉.၁၉% |
| Church of Sweden | ၄၈၃,၁၈၃ | ၁၆.၂၃% |
| လူထုထည့်ဝင်မှု | ၃၃,၅၃၆ | ၁.၁၃% |
| DanChurchAid | ၆၀,၀၀၀ | ၂.၀၁% |
| Diakonia CCE | ၅၉,၉၃၉ | ၂.၀၁% |
| Evangelical Lutheran Church in America | ၄၀၂,၅၈၈ | ၁၃.၅၂% |
| FinnChurchAid | ၂၃၀,၂၆၀ | ၇.၇၇% |
| FinnChurchAid/EU | ၃၄၄,၉၈၂ | ၁၁.၅၉% |
| GNC-HA Deutscher Hauptausschuss | ၅၅,၀၀၀ | ၁.၈၅% |
| Hong Kong Christian Council | ၁၈,၁၂၄ | ၀.၆၁% |
| Lutheran World Relief | ၁၈,၁၃၈ | ၀.၆၁% |
| ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ | ၅၂၉,၁၅၃ | ၁၇.၇၇% |
| ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး | ၄၃၇,၁၃၈ | ၁၄.၆၈% |
| | ၆,၇၇၀ | ၀.၂၃% |
| စုစုပေါင်းဝင်ငွေ | ၂,၉၇၇,၇၇၀ | ၁၀၀.၀၀% |

## စီမံချက်အလိုက် အလှူငွေများအသုံးပြုပုံစံကားချပ် (ယူရိုငွေကြေးနှင့် ဖော်ပြသည်။)

| | | |
|---|---|---|
| လူ့အခွင့်အရေးကို အခြေခံသော စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စီမံချက် | ၁,၁၇၅,၀၇၅ | ၃၉.၄၆% |
| ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေထိုင်သူများကို ထောက်ပံ့ရေး စီမံချက် (ACT Appeal MYR131) | ၁၂၃,၆၈၅ | ၄.၁၅% |
| စားနပ်ရိက္ခာထောက်ပံ့ရေး စီမံချက် (ELCA) | ၁၀၈,၅၂၆ | ၃.၆၄% |
| ELCA: Diaconal Project Support with Churches | ၂၇,၂၃၅ | ၀.၉၁% |
| စီမံကိန်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ပေးခြင်း (BftW) | ၂၄,၉၂၅ | ၀.၈၄% |
| AZEECON | ၃၉,၉၀၇ | ၁.၃၄% |
| ကလေးသူငယ်များဘဝငြိမ်းချမ်းရေး ဥရောပကော်မရှင်စီမံချက် (FCA/EU) | ၃၄၄,၉၈၂ | ၁၁.၅၉% |
| ကလေးသူငယ်များဘဝငြိမ်းချမ်းရေး ဥရောပကော်မရှင်စီမံချက်၏ ဝန်ထမ်းစရိတ် (FCA) | ၁၈,၃၄၇ | ၀.၆၂% |
| မေတ္တာအဖွဲ့အစည်း၏ ဝန်ထမ်းစရိတ် (FCA) | ၂၃,၈၄၇ | ၀.၈၀% |
| UNHCR ၏ ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေထိုင်သူများကို ထောက်ပံ့ရေး စီမံချက် (USD) | ၁၂၃,၇၄၉ | ၄.၁၆% |
| UNHCR ၏ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေထိုင်သူများကို ထောက်ပံ့ရေးစီမံချက် (MMK) | ၃၁၃,၃၈၉ | ၁၀.၅၂% |
| အမျိုးသမီးများအသက်မွေးဝမ်းကြောင်းဖော်ဆောင်ရေးစီမံချက် (FCA) | ၆၅,၀၀၀ | ၂.၁၈% |
| ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းနေထိုင်သူများကို ထောက်ပံ့ရေးစီမံချက် (Diaconia ECC) | ၅၉,၉၃၉ | ၂.၀၁% |
| အရည်အသွေးပြည့်ဝသည့် အခြေခံပညာရေးနှင့် ကျောင်းပြင်ပပညာရေး | ၅၂၉,၁၅၃ | ၁၇.၇၇% |
| စုစုပေါင်းဝင်ငွေ | ၂,၉၇၇,၇၇၀ | ၁၀၀.၀၀% |



**စာရင်းစစ်အစီရင်ခံစာ အကြမ်းမှ ကူးယူဖော်ပြပါသည်။**

# ကရင်ပြည်နယ်



မိတ်ဖက်အိမ်ထောင်စုဝင် ဦးစိန်ဝင်းတင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းဖြစ်သည့် ကြိမ်ခြင်းတောင်းရက်လုပ်နေစဉ်၊ ကမော့ကချူးကျေးရွာ၊ လှိုင်းဘွဲ့မြို့။

LWF မြန်မာ၏ ကရင်ပြည်နယ်ရှိ စီမံကိန်းသည်အစ ကနဦးအဆင့်တွင်သာ ရှိပါသေးသည်။ ၂၀၁၄ ဩဂုတ်လမှ စတင်၍ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က လုပ်ငန်းများ စတင် အကောင်အထည်ဖော်ရန် ခွင့်ပြုခဲ့ပါသည်။ ကရင်ပြည်နယ်ရှိ LWF မြန်မာ၏ စီမံကိန်းသည် ရေရှည်ဖွံ့ဖြိုးမှုကိုဖြစ်စေသောဒေသခံပြည်သူ လူထုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် စွမ်းဆောင်ရည်ပိုမိုကောင်းမွန်လာစေရေးကို အလေးဂရုပြုပါသည်။ ဒေသခံအားလုံးပါဝင်သည့် လူ့အခွင့်အရေးအခြေပြုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနည်းလမ်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် LWF မြန်မာ၏ ဘက်စုံတိုးတက်ရေးနည်းလမ်းတွင် ကျေးရွာအခြေခံအဆောက်အအုံများကို မြှင့်တင်ပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်းခြင်းနှင့် မိတ်ဖက်အိမ်ထောင်စုများ ရွေးချယ်ခြင်းတို့ ပါဝင်ပါသည်။ LWF မြန်မာသည် ကရင်ပြည်နယ်ရှိ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီးနှင့် ဖာပွန်မြို့သုံးမြို့မှ ကျေးရွာလူထုများ ကိုယ်တိုင်ကျေးရွာနှင့် လူထုဖွံ့ဖြိုးရေးအတွက် အစီအစဉ်ဆွဲနိုင်ရန်နှင့်၊ စီမံခန့်ခွဲနိုင်ရန် ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။

မိတ်ဖက်အိမ်ထောင်စုများကို ကျေးရွာထဲတွင်ထိခိုက်နစ်နာနိုင်မှုအရှိဆုံး အိမ်ထောင်စုများအား ဦးစားပေးရွေးချယ်ပါသည်။ မိတ်ဖက်အိမ်ထောင်စုများ ကိုယ်တိုင်အကဲဖြတ်ခြင်း၊ မိတ်ဖက်အိမ်ထောင်စုများ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း၊ ကျေးရွာကိုယ်တိုင်အကဲဖြတ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်းတို့သည် မိတ်ဖက်အိမ်ထောင်စုများရွေးချယ်ပြီးသည့် နောက်ပိုင်းဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲပြီးသည့်နောက်တွင် LWF မြန်မာသည်စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ငွေစုငွေချေးအသင်းများ ဖွဲ့စည်းပေးခြင်းတို့ဖြင့် မိတ်ဖက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများပိုမိုကောင်းမွန်လာစေရန်(သို့) အသက်မွေးဝမ်းကြောင်းလုပ်ငန်း အသစ်များစတင်လုပ်ကိုင်နိုင်ရန် ကူညီပေးမည်ဖြစ်ပါသည်။ သို့မှသာ မိတ်ဖက်အိမ်ထောင်စုများ၏ ဝင်ငွေ တိုးတက်လာပြီး ရေရှည်တည်မြဲသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

# ကရင်ပြည်နယ် ဖွံ့ဖြိုးရေးခြေလှမ်းများ၏အစ

အိမ်ထောင်စု(၈၀)ရှိသော လှိုင်းဘွဲ့မြို့နယ်မှ တောင် ခြေရင်းကျေးရွာသည် ကမော့ကချူးကျေးရွာ အနီးတွင် တည်ရှိပါသည်။ ရွာအမည်သည် တောင်တစ်တောင်၏ အောက်ခြေနားတွင် တည်ရှိသောကြောင့် ‘တောင်ခြေရင်း’ ဟုတိုက်ရိုက်မှည့်ခေါ်ပုံ ရပါသည်။ ရွာထဲတွင် စာသင်ကျောင်းမရှိသဖြင့် ကလေးများသည် အနီးအနားရှိ ကျေးရွာများတွင် ကျောင်းသွားတက်ကြရသည်။ (၁)မိုင်ကျော်ကျော်ဝေးသည့် ကော့ဝင်းရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရှိပြီး (၃)မိုင်ခန့်ဝေး သည့် ကမော့ကချူးရွာတွင် အလယ်တန်းကျောင်းတစ် ကျောင်းနှင့် (၅)မိုင်နီးပါးဝေးသည့် လှိုင်းဘွဲ့မြို့တွင် အထက်တန်းကျောင်းများရှိပါသည်။ ကျောင်းသားအများစုသည် ကျောင်းသို့ ခြေလျင် ခရီးဖြင့်သာ သွားကြပါ သည်။

အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်၍ ရွာသားအချို့သည် ရော်ဘာနှင့် ဥယျာဉ်ခြံစိုက်ပျိုးခြင်းကို လုပ်ကိုင်ကြပါသည်။ တောင်ခြေရင်းရွာတွင် အိမ်ဆိုင် (၃) ဆိုင်ရှိပြီး ဟင်းသီးဟင်းရွက်များနှင့် မုျစ်များကို


ကရင်ပြည်နယ်တွင် ပူးပေါင်းပါဝင်မှုဖြင့် အတူလုပ်ဆောင်ခြင်း

တောင်ပေါ်တွင် သွားရောက်ခူးယူ၍ပြန်လည်ရောင်းချပါသည်။ အချို့က ဆန်စပါးစိုက်ပျိုးပြီး အသေးစားမွေးမြူရေး လုပ်ကိုင်သူများလည်း ရှိပါသည်။

ရွာရှိ လုပ်နိုင်ကိုင်နိုင်သည့် အရွယ်ကောင်းများသည် ထိုင်းနယ်စပ်နှင့် ဘန်ကောက်မြို့တွင် ရွှေ့ပြောင်းလုပ်သားအနေဖြင့်အလုပ်လုပ်ကြပြီး ရွာသို့ငွေပြန်ပို့ပါသည်။ ရွာရှိကျန်သော အိမ်သားအများစုသည် ယင်းငွေအပေါ်တွင် မှီခိုနေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ၂၀၁၄ စက်တင်ဘာလတွင် LWF ဘားအံရုံး၏ အကူအညီဖြင့် ဖွဲ့စည်းခဲ့ပြီး ဦးထူးဆေးအားရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ပါသည်။ ဦးထူးဆေးသည် လက်သမား၊ ပန်းရန်နှင့် အခြားကျဘမ်းအလုပ်များကိုလုပ်ကိုင်လျက်ရှိပါသည်။ ၄င်းမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေးအကြောင်း ယခုလိုပြောပြပါသည်။ “အခုဆိုရင် ကျွန်တော်တို့ အစည်းအဝေး(၃)ကြိမ်လုပ်ပြီးပြီ။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီရေရှည်တည်မြဲဖို့၊ ခိုင်မာအားကောင်းဖို့၊ ရွာရဲ့အခြေခံအဆောက်အအုံတွေ တိုးတက်ကောင်းမွန်ဖို့နဲ့ မွေးမြူရေးကိစ္စတွေ ဆွေးနွေးကြတယ်။” ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအပြင် လူငယ်အဖွဲ့လည်းရှိပြီး၊ အဖွဲ့ဝင်လူငယ်များက အလှူအတန်းနှင့် သာရေးနာရေးကိစ္စများတွင် တက်တက်ကြွကြွပါဝင် လုပ်အားပေးကြပါသည်။

တောင်ခြေရင်းရွာ၌တစ်ခြားအဖွဲ့အစည်းတစ်ခုမှ ၂၀၁၄ ခုနှစ်တွင် ရေတွင်းတစ်တွင်း တည်ဆောက်ပေးခဲ့သည်မှ လွဲ၍ LWFမြန်မာသည် ရွာ၏ ဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးပေးသည့် တစ်ခုတည်းသော ပြင်ပအဖွဲ့အစည်းဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များက LWF ရှိခြင်းကြောင့် စိတ်အားထက်သန်ရကြောင်းကို ယခုလို ပြောပြပါ သည်။ “ LWFရွာကို ရောက်လာကတည်းက ကျွန်တော်တို့ကဝမ်းသာပြီးသားပါ။” ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဥက္ကဋ္ဌက ရွာထဲရှိ ယိုယွင်းပျက်စီးနေသောဇရပ်ကို LWF၏ ငွေကြေးအကူအညီဖြင့် ပြန်လည်ပြုပြင်ရန် စီစဉ်နေကြောင်း ပြောပါသည်။



လှိုင်းဘွဲ့ မြို့နယ် ကမော့ကချုံးကျေးရွာတွင် သဘာဝဘေးလျော့ပါးရေး စစ်တမ်းကောက်ယူခြင်း။

(လှိုင်းဘွဲ့မြို့ရှိ ကျေးရွာများတွင် ရွာထုံးတမ်းဓလေ့အရ ဇရပ်များရှိကြပြီး ၄င်းနေရာတွင် ရွာ၏ သာရေးနာရေးကိစ္စအဝဝ ကိုပြုလုပ်ကြပါသည်။) ကော်မတီဥက္ကဋ္ဌကဆက်ပြောသည်မှာ “ဇရပ်က မကောင်းပေမယ့် ဒီနေရာက ကျွန်တော်တို့ရဲ့ စုရပ်ပဲ။ ချက်ပြုတ်ကျွေးမွေးတဲ့ အစီအစဉ်ကိုလည်း ဒီဇရပ်မှာပဲ လုပ်တယ်။ မိုးတွင်းကျတော့ ကျွန်တော်တို့ ဒုက္ခရောက်တာပေါ့” ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အမျိုးသမီးအဖွဲ့ဝင်တစ်ဦးဖြစ်သော မတင်အေးလှိုင်ကလည်း ရွာတွင် ဝင်ငွေအနိမ့်ပါးဆုံးဖြစ်သော တချို့မိတ်ဖက်အိမ်ထောင်စုဝင်အိမ်များ ပြန်လည်ပြင်ဆင်ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း ပြောပါ သည်။

ရွာလမ်း၊ ကျောင်းစသည့် ကျေးရွာအခြေခံအဆောက်အအုံ ဆောက်လုပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာဖွံ့ဖြိုးမှုထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်လှိုင်နှင့် ညှိနှိုင်းတိုင်ပင်ရပါသည်။ ဦးညွန့်လှိုင်သည် လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ စီမံချက်ပြုလုပ်ရန် ခွင့်ပြုချက်တင်ပြရာတွင် တာဝန်ရှိသူတစ်ဦး ဖြစ်သည့်အလျောက် ရွာထဲတွင် စာကြည့်တိုက်တစ်တိုက်တည်ဆောက်ရန် ခွင့်ပြုချက်တောင်းခံထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌကလည်း ဝမ်းမြောက်စွာဖြင့် “ရွာထဲမှာ စာကြည့်တိုက်ရှိရင် ကောင်းမယ်။ လူငယ်တွေလည်း တိုးတက်လာမယ်။ လူကြီးပိုင်းတွေ စာမရေးတတ်၊ မဖတ်တတ်ပေမယ့် ရွာထဲမှာစာကြည့်တိုက်ရှိရင် စာဖတ်တဲ့လူငယ်တွေပိုများလာမယ်” ဟုပြောခဲ့ပါသည်။ ဆက်လက်ပြီး၄င်းမှ ရွာထဲတွင် ဆေးခန်းတစ်ခန်းရှိလျှင်ကောင်းမည်ဟု ပြောပါသည်။ တောင်ခြေရင်းကျေးရွာ၏ နောက်ထပ်လိုအပ်ချက်တစ်ခုမှာ ရေတွင်းတစ်တွင်းတူးရန် ဖြစ်ပါသည်။ ရွာသူ ရွာသားများသည် သောက်သုံးရေကို အနီးအနားရွာများတွင် သွားခပ်ကြရပါသည်။ ပြင်ပအဖွဲ့အစည်းတစ်ခုမှ ရေတွင်းတစ်တွင်း ဆောက်လုပ် လှူဒါန်းထားသော်လည်း တစ်ရွာလုံးအတွက် မလုံလောက်ပေ။ ထို့ကြောင့် ဥက္ကဋ္ဌက “ ရေတွင်းတစ်တွင်းထပ်ရှိမယ်ဆိုရင် ရွာသားတွေအတွက် အလွန်ပဲ အဆင်ပြေပါလိမ့်မယ်” ဟုဆိုပါသည်။ ■

# ချင်းပြည်နယ်



"လူ့အခွင့်အရေးအခြေပြုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနည်းလမ်းမှတစ်ဆင့်ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးကိုဆောင်ရွက်ပြီး မြန်မာနိုင်ငံ၌ ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူပြုရန်" ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန် LWF မြန်မာသည် မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးဖြစ်သည့် ချင်းပြည်နယ်၏ ဆင်းရဲမွဲတေမှုကို လျှော့ချရေးအတွက် ၂၀၁၃ ခုနှစ်မှ စတင်၍ လူ့အခွင့်အရေးအခြေ ပြုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းစီမံချက်ကို မင်းတပ်မြို့ရှိ ကျေးရွာပေါင်း (၃၀)တွင် လုပ်ကိုင်လျက်ရှိပါသည်။ LWF ဝန်ထမ်းများမှ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ရွာသားများ၏စွမ်းရည်မြှင့်တင်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်းနှင့် အခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်တိုးတက်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းတို့ကို ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ စီမံချက်ဝင်ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိပါသည်။

အသစ်ဆောက်လုပ်ထားသည့် ဘောကျေးရွာမှ မူလတန်းကျောင်းသားများ။

# ဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုးသည့် ဝုမ်းခုမ်ရွာသားများ

ဝုမ်းခုမ်ကျေးရွာသည်မင်းတပ်မြို့ရှိစီမံချက်ဝင်ကျေးရွာများထဲမှတစ်ရွာ ဖြစ်ပါသည်။ ချင်းတောင်တန်းများ အကြားတွင် တည်ရှိပြီး မော်တော်ဆိုင်ကယ် (သို့မဟုတ်) ခြေလျင်ခရီးဖြင့်သာ သွားရောက်နိုင်ပါသည်။ မင်းတပ်မြို့မှ ၄င်းရွာသို့ ၁ နာရီ ၁၅ မိနစ် ခန့်မောင်းသွားရပါသည်။ မင်းတပ်မှ ဝုမ်းခုမ်ကျေးရွာသို့သွားရာတွင် လမ်းတစ်ဝက်သာ ကတ္တရာလမ်းခင်းထားပြီး ကျန်တစ်ဝက်မှာ ကွေ့ကောက်ကာ မိုးတွင်းကာလတွင် လမ်းချော်သောကြောင့် အန္တရာယ်များလှပြီးသွားလာရေး အလွန်ပင် ခက်ခဲပါ သည်။

ဝုမ်းခုမ်ရွာတွင် အိမ်ထောင်စု (၅၀) ရှိပြီးလူဦးရေ စုစုပေါင်း (၃၀၀) ခန့်သာရှိပါသည်။ အများစုသည် အသက်မွေးဝမ်းကြောင်း အတွက် တောင်ယာရွှေ့ပြောင်းစိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်ကြပါသည်။ ဆပ်နီ၊ ဆပ်ဝါ၊ ဆန်စပါး၊ ပြောင်းနှင့် အခြားကောက်ပဲသီးနှံများကို စိုက်ပျိုးကြပြီး မွေးမြူရေးကိုလည်း လုပ်ကိုင်ကြပါသည်။ ရွာတွင်အိမ်ခြေ(၂၀)ခန့် နွားနောက်ကို စီးပွားရေးအဖြစ်မွေးမြူကြပါသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိပြီးကျောင်းသား (၆၇)ယောက် တက်ရောက်လျက်ရှိသည့် မူလတန်းကျောင်းတစ်ကျောင်းလည်း ရှိပါသည်။

လွန်ခဲ့သော တစ်နှစ်ခန့်က ဝုမ်းခုမ်ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရန် LWF မြန်မာမှအကူအညီပေးခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်အချို့ LWF မြန်မာမှပို့ချသော စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုသင်တန်းများတက်ရောက်ထားကြောင်း အသက် ၃၉ နှစ်အရွယ်ရှိ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးငိုင်းမောင်းမှ ပြောပြပါသည်။ သူတက်ရောက်ခဲ့သည့် ခေါင်းဆောင်မှု သင်တန်းနှင့်ပတ်သတ်၍ "သင်တန်းက ရပ်ရွာလူထုကို ဘယ်လို စည်းရုံးဦးဆောင်ရမလဲဆိုတာသင်တယ်။ ခေါင်းဆောင်ကောင်းရှိမှနောက်လိုက်ကောင်းရှိမယ်။"

## ကလေးငယ်များအတွက် တောက်ပသောအနာဂတ်

ယခင်က ရွာတွင် (၁၃ ပေ၊ ၃၉ ပေ)အကျယ်အဝန်းရှိ ကျောင်းသား (၇၀)ဆန့် မူလတန်းကျောင်းဆောင်ဟောင်း တစ်ဆောင် ရှိခဲ့ပါသည်။ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များသည် ပညာရေးဦးစီးဌာနသို့ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် (၈)နှစ်တိုင်တိုင် တင်ပြခဲ့သော်လည်း အချည်းအနှီးပင်ဖြစ်ခဲ့သည်။

LWF မြန်မာမှဦးစီးသည့် ကျေးရွာကိုယ်တိုင်အကဲဖြတ်ခြင်း အဆင့်တွင် တစ်ရွာလုံးမှ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းကို ပထမဦးစားပေးအနေဖြင့် ဆုံးဖြတ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းဟောင်းသည်လွန်ခဲ့သော အနှစ် ၂၀ က သစ်သားဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ပျက်စီးယိုယွင်းနေပြီဖြစ် သည်။ ကျောင်းသားအရေအတွက်မှာ အစဉ်တိုးလျက်ရှိပြီး ကျောင်းသားအားလုံးအတွက် နေရာမလောက်သောကြောင့်ဖြစ်သည်။ မိုးတွင်းကာလတွင် မိုးယိုပြီးကျောင်းသားများအနေဖြင့် လုံခြုံမှုမရှိသည့် ပတ်ဝန်းကျင်တွင် စာသင်ခဲ့ရပါ သည်။

သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန် ထည့်သွင်း ရေးဆွဲခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျောင်းဆောက်လုပ်ရေးကော်မတီခွဲကို ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေး စီမံကိန်းအဆိုပြုလွှာ တစ်စောင်ကိုကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီအဖွဲ့ဝင်များပူးပေါင်းရေးသားပြီး LWFမင်းတပ်ရုံးကိုတင်ပြခဲ့သည်။ ကျောင်းဆောက်လုပ်ရာတွင် စုစုပေါင်းကုန်ကျစရိတ်၏ ၈၀%ဖြစ်သော (ငွေကျပ် သိန်း ၁၀ ၀၀၀ ၀၀၀)ကို LWF မှထောက်ပံ့ပြီး သွပ်၊ ပျဉ် နှင့် ဘိလပ်မြေ များဝယ်ယူပေးခဲ့သည်။ ကျန် ၂၀% ကို ရွာမှ



ဝိုင်းဝန်း ထည့်ဝင်ကြ သည်။

ကျောင်းဆောက်လုပ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် မှတ်တမ်းထားရှိခြင်း၊ ဘဏ္ဍာရေးထိန်းသိမ်းခြင်း၊ အစီရင်ခံစာရေးသားခြင်း အစရှိသည်တို့ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ကျေးလက်လူထုစွမ်းဆောင်ရည်မြှင့်တင်ရေးတာဝန်ခံ၏ လမ်းညွှန်အကြံပေးမှုအောက်တွင် ဆောင်ရွက်ခဲ့ကြပါသည်။

၂၀၁၄ခုနှစ်ဇွန်လတွင် ကျောင်းဆောက်လုပ်ခြင်းပြီးစီးခဲ့သည်။ ကျောင်းအုပ်ဆရာကြီး ဦးအောင်လိန်းဂေမှ ကျောင်းသစ်ဆောက်လုပ်ပြီးစီးမှုအပေါ် ဝမ်းသာစကားပြောပြပုံမှာ ‘‘အရင်ကျောင်းက အရမ်းသေးပြီး ကျောင်းသားတွေ စာသင်ဖို့ တော်တော်အဆင်မပြေဘူး။ အခုအဆောင်သစ်ကတော့ ကျောင်းသားဦးရေနဲ့ နေရာအကျယ်အဝန်းမျှ သွားပြီလေ။ သူတို့တွေ စာသင်ကြားရေးအတွက် ပိုကောင်းတာပေါ့’’ ဟုပီတိအပြုံးဖြင့် ပြောပါ သည်။

ကျောင်းအကျိုးတော်ဆောင်ကော်မတီ ဥက္ကဋ္ဌဦးရှိန်းလိန်းမှ ‘‘ဆောက်လုပ်ရေးမှာ (၃)လတာကြာမြင့်ပြီး ကျောင်းဆောင်သစ်ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းသည့် ကုန်ကျစရိတ်ကို ကျောင်းရံပုံငွေထဲမှ သတ်သတ်ဖယ်ထားပါတယ်’’ ဟုပြောပါသည်။

ကျောင်းသစ်ဆောက်လုပ်ခြင်း လုပ်ငန်းသည် ရွာသားအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။ ဦးတမ်ခေါ်ဂေက ‘‘ဆောက်လုပ်ရေးမှာပါဝင်ခွင့်ရတာ အရမ်းဝမ်းသာမိပါတယ်။ ကျောင်းဆောင်သစ်ကြီးဟာ မျိုးဆက်သစ်တွေအတွက် အနာဂတ်မျှော်လင့်ချက်ပါပဲ။ ရွာသားတွေအားလုံး ပူးပေါင်းလုပ်ဆောင်ခြင်းရဲ့ ရလဒ်ကောင်းကို သိမြင်လာပါတယ်။’’ ကျောင်းသားမိဘတစ်ဦးဖြစ်သည့် ဒေါ်လိန်းရောင်က ဝင်ရောက်ထောက်ခံပြီး သူမ၏ ကလေးများအတွက် ပညာရေးသာ အဓိကဖြစ်ကြောင်း ထပ်လောင်းပြောဆိုပါသည်။

LWF သည် ကျောင်းသစ်ဆောက်လုပ်ခြင်းအပြင်ကျောင်းသားများအသုံးပြုသည့် စားပွဲခုံများ၊ ခုံတန်းရှည်များပြုလုပ်ရန်လည်း ထောက်ပံ့ခဲ့ပြီး ရွာသူ/သားများမှ ပရိဘောဂများ ပြုလုပ်ရာတွင် လုပ်အားပေးခဲ့ကြပါသည်။

ကျေးရွာခေါင်းဆောင်များ၏အဆိုအရ ရွာမှ မူလတန်းအရွယ်ကလေးများအားလုံး ဤကျောင်းတွင် စာသင်ကြားကြသည်။ အလယ်တန်းကျောင်းသားများမှာ (၆)မိုင်ဝေးသော ဝင်းမသူးကျေးရွာတွင် သွားရောက်၍ ကျောင်းတက်ရပြီး အချို့မှာ ကျောင်းအိပ် ကျောင်းစားနေကြသည်။ အထက်တန်းကျောင်းမှာ မင်းတပ်မြို့၌သာရှိပြီး ရွာနှင့် မိုင် (၃၀)ခန့်ဝေးပါသည်။



အသစ်ဆောက်လုပ်ထားသည့် ဘောကျေးရွာရှိ မူလတန်းကျောင်း၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်။

# စွန့်ဦးတီထွင်စီးပွားရေးသမားနှင့် ကျောင်းဆရာမဇနီးမောင်နှံ

ဦးရှိန်းလိန်းနှင့် ဒေါ်ကီးမြူးမံသည် ဝုမ်းခုမ်ရွာတွင် အလွန်တက်ကြွ၍ စီးပွားရေးကောင်းမွန်သော ဇနီးမောင်နှံ ဖြစ်ပါသည်။ ကလေး(၅)ယောက်ရှိပြီး အကြီးဆုံးသားမှာ မင်းတပ်မြို့တွင် (၁၀) တန်း တက်လျက်ရှိပါသည်။

ဝုမ်းခုမ်ရွာတွင်မွေးသော ဒေါ်ကီးမြူးမံသည်ရွာ၌ မူလတန်းကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ (၁၅) နှစ်ရှိပြီဖြစ်သည်။ သူမသည် (၁၀)တန်းအောင်ခဲ့ပြီးနောက် ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ ယခုအခါ သူငယ်တန်း ဘာသာရပ်အားလုံးနှင့် ပထမတန်းအင်္ဂလိပ်စာတို့ကို သင်ကြားပေးလျက်ရှိပါသည်။ သူမသည် ကျေးရွာအုပ်စုဝင် ရွာလေးရွာမှ (၄)တန်းကျောင်းသူ / သားများယှဉ်ပြိုင်သောဘာသာရပ်ဆိုင်ရာပြိုင်ပွဲတွင် သူမ၏ ကျောင်းမှဆုများရရှိခဲ့ခြင်းနှင့် ပတ်သက်၍ အလွန်ဂုဏ်ယူစွာပြောခဲ့သည်။ “ဆု (၁၅) ဆုပေးတာ ကျွန်မတို့ကျောင်းက ကလေးတွေ (၁၂)ဆုတောင်ရတယ်။ ကျွန်မကသူတို့ကို ပညာတတ်ကြီးတွေဖြစ်စေချင်တာ။ ရွာမှာက ဘွဲ့ရပညာတတ်မရှိသလောက်နည်းတယ်။” သူမ၏ရွာတွင် ပညာတတ် (၅)ယောက်ရှိသည့် အနက်(၃)ယောက်မှာ အထက်တန်းအောင်ပြီးသူများ ဖြစ်ပါသည်။

အမျိုးသားဖြစ်သူ ဦးရှိန်းလိန်းသည် မင်းတပ်မြို့သားဖြစ်သော်လည်း သူ၏အမျိုးသမီးမှာ ဝုမ်းခုမ်းရွာတွင် မူလတန်းပြဆရာမအဖြစ်လုပ်ကိုင်နေသဖြင့် အမျိုးသမီးနောက်လိုက်ကာ ရွာ၌ပင်အခြေချနေထိုင်ပါသည်။ ဦးရှိန်းလိန်းတွင် လယ်ယာမြေ (၅)ဧကရှိကာ ဝဥစိုက်ပျိုးသည်မှာ (၅)နှစ်ရှိလေပြီ။ နှစ်စဉ် အလုပ်သမား (၃၀၀)ခန့်အတွက် အလုပ်သမားခ (၁၀)သိန်းကျော်သုံးစွဲရပါပြီး ဝဥအခြောက်များ ရောင်းသည်မှာ (၃) နှစ်ရှိပြီဖြစ်သည်။

> “ဆု(၁၅) ဆုပေးတာ
> ကျွန်မတို့ကျောင်းက ကလေးတွေ (၁၂)
> ဆုတောင်ရတယ်”

၂၀၁၄ ခုနှစ်တွင် LWFမှ ဝဥစိုက်ပျိုးနည်း (၂) ရက်တာ သင်တန်းကို ဝုမ်းခုမ်ရွာ၌ စီစဉ်ခဲ့ပါသည်။ စိုက်ပျိုးရေးဌာနမှ သင်တန်းဆရာ(၂)ယောက်သည် ဦးရှိန်းလိန်းအပါအဝင် ရွာသားအယောက် (၂၀) ကျော်အား သင်တန်းပို့ချခဲ့ပါသည်။ “သင်တန်းသားအများစုက ဝဥ အပင်တစ်ပင်နှင့် တစ်ပင်အကြား ဘယ်လောက်ကွာရမယ်၊ ဝဥက ဘယ်လောက်ကြီးလဲဆိုတာမသိကြဘူး။ ကျွန်တော့်ရဲ့ စိုက်ပျိုးရေး အတွေ့အကြုံတွေကို အများသိအောင် ဝေမျှခဲ့ပါတယ်။ သင်တန်းက တော်တော်အသုံးဝင်ပါတယ်။ သင်တန်းမှာ တစ်ဧကဘယ်နှစ်ပေရှိသလဲ တွက်ချက်ပုံ၊ မြေအမျိုးအစား၊ မြေသြဇာအသုံးပြုပုံ အစရှိသည်တို့ပါ သင်ကြားခဲ့ရပါတယ်။”

ဦးရှိန်းလိန်းသည် သူ၏ ဒေသတွင် ဝဥစိုက်ပျိုးသည့် ဈေးကွက်ကို ယခုထက် ပိုမိုချဲ့ထွင်နိုင်ရန် မျှော်လင့်ပါသည်။ ဝဥကို တစ်ဦးခြင်း လက်လီရောင်းချခြင်းထက်စာလျှင် ဝဥစိုက်ပျိုးသူများ အားလုံးပေါင်း၍ လက်ကားရောင်းလျှင် ဈေးပိုရကြောင်းပြောပါသည်။ အမှန်တကယ်တွင်

> “ကျွန်မကသူတို့ကို
> ပညာတတ်ကြီးတွေဖြစ်စေချင်တာ။
> ရွာမှာက ဘွဲ့ရပညာတတ်
> မရှိသလောက်နည်းတယ်။”

ဦးရှိန်းလိန်းသည် ဝုမ်းခုမ်ရွာတွင် ဝဥကို စတင် စိုက်ပျိုးခဲ့သော စွန့်ဦးတီထွင်သူတစ်ဦးဖြစ်ပြီး ၄င်းစိုက်ပျိုးထားသော ဝဥများမှာလည်း တစ်နှစ်ထက် တစ်နှစ် အထွက်တိုးလျက်ရှိပါသည်။



စွန့်ဦးတီထွင်စီးပွာရေးသမား ဦးရှိန်းလိန်း

# အသက်မွေးဝမ်းကြောင်းဖော်ဆောင်ရေးအတွက် အမျိုးသမီး စွမ်းရည်မြှင့်တင်ခြင်း

စာမျက်နှာ (၁၆) သို့ ဆက်ရန်။




အပ်ချုပ်သင်တန်းသူ မဟုန်းထုံကို မင်းတပ်မြို့သင်တန်းကျောင်းတွင် တွေ့ရစဉ်။

အသက် (၂၁) နှစ်အရွယ် မပဟုန်းထုံသည် ဘော(၃) ကျေးရွာတွင် နေထိုင်ပါသည်။ မိဘတွေက တောင်ယာစိုက်ပျိုးရေး အနေနှင့် ဆပ်နီ၊ ဆပ်ဝါ၊ စပါး၊ ပြောင်းစိုက်ပျိုးပြီး ကြက်နဲ့ ဝက်လည်း မွေးမြူထားပါသည်။ သူမသည် မင်းတပ်မြို့တွင် (၁၀)တန်းအထိ ကျောင်းတက်ခဲ့ပြီး လက်ရှိတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သော အမျိုးသမီး အိမ်တွင်းမှုအသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းရှိ အဆင့်မြင့် စက်ချုပ်သင်တန်းကို မင်းတပ်မြို့တွင် တက်ရောက် သင်ကြားလျက် ရှိပါ သည်။

အမျိုးသမီးငယ်အများအပြား မင်းတပ်မြို့ သင်တန်းကျောင်းတွင် တက်ရောက်သင်ကြားနေသည်ကို တွေ့ရပြီး မပဟုန်းထုံက သင်တန်းကို မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း ရှင်းပြပါသည်။ သင်တန်းသူများသည် သင်တန်းကျောင်းအဆောင်တွင် နေစရိတ်၊ စားစရိတ်ငြိမ်း ဖြစ်ပါသည်။ သင်တန်းကျောင်းမှ စက်ချုပ်သင်တန်းကို တစ်နှစ်လျှင် (၃)ကြိမ် ဖွင့်လှစ်ပြီး၊ တစ်ကြိမ်လျှင် အခြေခံနှင့် အဆင့်မြင့်ဟူ၍ နှစ်တန်းခွဲထားပါသည်။ သင်တန်းတစ်ခုကို (၃) လစီ ကြာမြင့်ပါသည်။ မပဟုန်းထုံတက်ခဲ့သည့် အခြေခံသင်တန်းတွင် သင်တန်းသူ(၄၂)ယောက် အနက်မှ အဆင့်မြင့်သင်တန်းကို ဆက်လက် တက်ရောက်နိုင်သူမှာ မပဟုန်းထုံအပါအဝင် (၉)ယောက်သာရှိပြီး ဘော(၃)ရွာသူမှာမပဟုန်းထုံ အပါအဝင် (၂)ဦးသာ ပါဝင်ပါသည်။ အခြေခံနှင့် အဆင့်မြင့်သင်တန်း၏ မတူညီသည့် အချက်များမှာ အပေါ် အင်္ကျီချုပ်သည့် ပုံစံကွဲပြားခြင်း ဖြစ်ပါသည်။ အခြေခံသင်တန်းတွင် ဘလောက်(စ်)အင်္ကျီနဲ့ ဘောင်းဘီတိုချုပ်လုပ်ခြင်းပါဝင်ပြီး၊ အဆင့်မြင့် သင်တန်းတွင် တိုက်ပုံအင်္ကျီနဲ့ ပလက်စတစ်မိုးကာချုပ်လုပ်ခြင်းများ သင်ယူရပါသည်။

စက်ချုပ်သင်တန်းသူတစ်ယောက် ဖြစ်လာပုံကို မပဟုန်းထုံက ယခုလိုရှင်းပြပါသည်။ "အစကတော့ ကျွန်မသင်တန်းအကြောင်းကို မသိပါဘူး။ LWFဝန်ထမ်းတွေပြောမှပဲ သိတာပါ။ သူတို့က ပံ့ပိုးပေးမယ် ပြောလို့ ကျွန်မတက်ဖြစ်တာပါ။" သူမဆက်ပြောတာက "ကျွန်မတို့ရွာမှာ တာဝန်ကျတဲ့LWFရဲ့ အသက်မွေးဝမ်းကြောင်း လုပ်ငန်းဆိုင်ရာအရာရှိ ဆရာလောရှိန်းမာန်က ရွာအစည်းအဝေးမှာပြောတယ်၊ ရွာကအလုပ်မရှိသေးတဲ့ အမျိုးသမီးတွေအားလုံး သင်တန်းတက်လို့ရပြီး LWF မှ လိုအပ်သည့် ငွေကြေးကိုထောက်ပံ့မယ်။" ဟုသိရပါသည်။ LWFသည် မပဟုန်းထုံ၏ အသက်မွေးဝမ်းကျောင်း အသစ်ဖော်ဆောင်မှု အခြေခံကို ကူညီပံ့ပိုးခဲ့ပါသည်။ LWF မြန်မာ၏ အခြားစီမံချက်ဝင်ကျေးရွာများရှိ အမျိုးသမီးငယ် အချို့သည်လည်း စက်ချုပ်သင်တန်း တက်ရောက်လျက် ရှိကြောင်း မပဟုန်းထုံက ပြောပြပါသည်။ အခြေခံစက်ချုပ် သင်တန်းသူများအား LWF ၏ထောက်ပံ့မှုများနှင့် ပတ်သတ်ပြီး "ကျွန်မအခြေခံ သင်တန်းတက်တုန်းကပိတ်စတွေ၊ ချည်စတွေ၊ ချည်ထိုးတဲ့ ပစ္စည်းတွေကို သူတို့ ထောက်ပံ့ပေးတယ်၊ ကျွန်မ ဘာမှ ဝယ်စရာမလိုဘူး" ဟုမပဟုန်းထုံက ပြောပါသည်။



မင်းတပ်မြို့သင်တန်းကျောင်းရှိ အပ်ချုပ်စက်သင်တန်းသူများ

သင်တန်းပြီးဆုံးချိန်တွင် ပထမရသည့် သင်တန်းသူများအား သင်တန်းကျောင်းမှ အပ်ချုပ်စက်တစ်လုံးစီ ဆုချပါသည်။ မပဟုန်းထုံလည်း အခြေခံသင်တန်းမှာ ပထမရလို့ အပ်ချုပ်စက်တစ်လုံး ဆုရခဲ့ပါသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် မပဟုန်းထုံ တက်နေသည့် အဆင့်မြင့်သင်တန်း ပြီးဆုံးခဲ့ပါသည်။ သူမ၏ အနာဂတ် ရည်ရွယ်ချက် နှင့်ပတ်သတ်ပြီး "မင်းတပ်မှာ စက်ချုပ်တစ်ဆိုင် ဖွင့်ဖို့ ကျွန်မကြိုးစားသင်နေပြီး ကျွမ်းကျင်တဲ့ စက်ချုပ်သမားတစ်ယောက် ဖြစ်ဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်။" သူမဆက်ပြောတာက "စက်ချုပ်ပညာကို မိန်းကလေးတစ်ယောက်အတွက် အသင့်တော်ဆုံးထင်လို့ ရွေးချယ်ခဲ့တာပါ။ ဘဝအတွက်လည်း အသက်မွေးဝမ်းကြောင်းတစ်ခုအဖြစ် ပြန်လည် အသုံးချနိုင်တယ်။ စက်ချုပ်ပညာကို တတ်နိုင်သလောက် ကြိုးစားသင်ပြီးမှ ရွာက ညီမလေးတွေနဲ့ တခြားမိန်းကလေးတွေကို ပြန်သင်ပေးမှာပါ" ဟု ပြော၍ သူမစကားကို နိဂုံးချုပ်ပါသည်။ ■

**စက်ချုပ်ခြင်းကို မိန်းကလေး တစ်ယောက်အတွက် အသင့်တော်ဆုံးထင်လို့ ရွေးချယ်ခဲ့တာပါ။ ဘဝအတွက်လည်း အသက်မွေးဝမ်းကြောင်းတစ်ခု ပြန်လည် အသုံး ချနိုင်တယ်။**

# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ

(တိုင်းပြည်တွင် ဆန်အများဆုံးထွက်ရှိသည့် ဒေသဖြစ်သော ကြောင့် တိုင်းပြည်၏ 'စပါးကျီ'ဟုသိရသော) မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးယိုယွင်းမှုများကို တုံ့ပြန်ရန် ACT၏ မေတ္တာရပ်ခံတောင်းဆိုမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် LWF ၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်မှုများသည် ၂၀၀၈ တွင်စတင်ခဲ့ပါသည်။

လက်ရှိတွင် LWF မြန်မာသည်မြစ်ဝကျွန်းပေါ်ဒေသ၌လူ့အခွင့် အရေးအခြေပြုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စီမံချက်ကို ဘိုကလေး၊ ဒေးဒရဲ၊ တွံ့တေးနှင့် ဖျာပုံရှိ ကျေးရွာပေါင်း (၅၀)တွင် အကောင်အထည် ဖော်လျက် ရှိပါသည်။ ၎င်းကျေးရွာများသည် ဧရာဝတီနှင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်း ပြန့်နှံ့လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအတွက် ရေလမ်းခရီးကိုသာ အဓိကထား အသုံးပြုရပါသည်။

အခြားစီမံကိန်းတစ်ခုဖြစ်သည့် အမျိုးသမီးများ အသက်မွေး ဝမ်းကြောင်းဖော်ဆောင်ရေးကို ဒေးဒရဲမြို့နယ်ရှိ ရွာ(၆)ရွာတွင် လုပ်ကိုင် လျက်ရှိပါသည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးကိုဦးတည်ရာတွင် အမျိုး သမီးများကဏ္ဍပိုမို ပါဝင်လာရေးအတွက် အမျိုးသမီး စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ ၎င်းအစီ အစဉ် (၂)ရပ်သည် မြစ်ဝကျွန်းပေါ်ဒေသရှိ အိမ်ထောင်စု ပေါင်း (၅၈၃၉)၊ လူဦးရေ (၂၈၀၀၃)ကို အကျိုးပြုပါသည်။



ဖျာပုံမြို့နယ် စာဖြူစုရွာတွင် လယ်လုပ်နေသည့် လယ်သမားအဖွဲ့ဥက္ကဋ္ဌ ဦးလှကြိုင်

# မြစ်ဝကျွန်းပေါ်ဒေသလူ့အဖွဲ့အစည်း၏ အနှစ်သာရ

ဖျာပုံမြို့တွင်ရှိသော စာဖြူစုရွာသည် လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းစီမံချက် အကောင်အထည်ဖော်နေသည့် ရွာများအနက်မှ တစ်ရွာဖြစ်ပါသည်။ အိမ်တိုင်း ၎င်းတို့၏ လယ်ယာမြေနှင့် နီးကပ်စွာတည်ရှိနေခြင်းသည် ရွာ၏ ထူးခြားမှုပင်ဖြစ်ပါသည်။ အိမ်သည် ရှေ့တွင်ဆိုလျှင် လယ်ယာမြေများသည် နောက်တည့်တည့်တွင် တည်ရှိနေကြသည်။

ရွာရှိ အသက် ၅၆ နှစ်အရွယ် ဦးလှကြိုင်သည် LWF မှ ကူညီပံ့ပိုးပေးနေသည့် လယ်သမားအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည်မှာ ၂ နှစ်ရှိပြီ ဖြစ်ပါသည်။ အိမ်ထောင်သည်ဖြစ်သော ဦးလှကြိုင်တွင် ၈ နှစ်အရွယ် နှင့် ၈ လအရွယ် ကလေးနှစ်ယောက်ရှိပါသည်။ ကျန်းမာဖြတ်လတ်သော ဦးလှကြိုင်သည် ရပ်ရွာလူမှုအဖွဲ့အစည်းများမှ ပြုလုပ်သော လုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ပါသည်။

သူ၏အဖွဲ့တွင် ပါဝင်သောလယ်သမားများ၏ အသက်မွေးဝမ်းကြောင်းမှုအခြေအနေကို ဦးလှကြိုင်မှ "ကျွန်တော်တို့ရဲ့ အဓိက စီးပွားရေးက ဆန်စပါးဘဲ၊ ကျွန်တော်တို့မှာ လယ်ရှိတယ်။ အခုရာသီက စပါးစိုက်ရာသီလေ၊ တချို့ဆို ပျိုးတောင်ကြဲပြီးပြီ" ဟုရှင်းပြပါသည်။

ငွေချေးသူများ၏ မြင့်မားလှသည့် အတိုးနှုန်းကိုရှောင်ရန် ၂၀၁၁ခုနှစ် ဖွန်လတွင် လယ်သမားအဖွဲ့သည် ငွေစုငွေချေးစနစ်တစ်ခုကို စတင်ထူထောင်ခဲ့ကြသည်။ ၎င်းတို့၏ လက်ရှိစုထားသောငွေမှာ ကျပ်(၁၆သိန်း)ကျော်ပြီဖြစ်ပြီး ထိုငွေကို အသက်မွေးဝမ်းကြောင်းအလုပ်ကိစ္စနှင့် ကျန်းမာရေးအတွက်သုံးစွဲရန် ရည်ရွယ်ထားပါသည်။ အဖွဲ့ဝင်တစ်ယောက်ဖြစ်ရန် မှတ်ပုံတင်ကြေး (၂ ၀၀၀)ကျပ်ကို ပေးသွင်းရပြီး လစဉ်စုငွေမှာ (၁ ၀၀၀)ကျပ် ဖြစ်ပါသည်။ လယ်သမားအဖွဲ့သည် အဖွဲ့ဝင်(၄၂)ယောက်ဖြင့် စတင်ခဲ့သော်လည်း ယခုအခါတွင်(၂၆)ယောက်သာကျန်တော့သည်။ ဤကဲ့သို့ အဖွဲ့ဝင်လယ်သမား အရေအတွက် ကျဆင်းသွားရခြင်းမှာ တစ်ဦးချင်းစီ၏ ရပ်ရွာလူထုအသိုင်းအဝိုင်း ဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် ပန်းတိုင်ချင်း မတူညီကြသောကြောင့် ဖြစ်ပါသည်။

လယ်သမားအဖွဲ့၏ အခက်အခဲတချို့ကို ဦးလှကြိုင်မှ ဤသို့ရှင်းပြခဲ့သည်။ "ငွေစုငွေချေးအဖွဲ့က ပိုပြီး အားကောင်းလာလေလေ၊ လယ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပိုကောင်းလေပါဘဲ။ ဥပမာဆိုရင် စိုက်ပျိုးရေးကုမ္ပဏီတစ်ခုမှာ မြေဝယ်ပြီး လယ်သမားများကို ပြန်ဝေပေးဖို့က ကျွန်တော်တို့ရဲ့ အနာဂတ်ရည်မှန်းချက်ဖြစ်ပေမယ့် ကျွန်တော်တို့မှာ မြေဝယ်ဖို့ ငွေအလုံအလောက်မရှိဘူး။ ဒါကြောင့်လက်ရှိမှာ ငွေချေးတဲ့သူတွေဆီက ၇%၊ ၈% လောက်နဲ့ ချေးရတယ်။ ကျွန်တော်တို့သာ ငွေအလုံအလောက်စုနိုင်ရင် ကျွန်တော်တို့ အဖွဲ့ကမြေဝယ်ပြီး ဆင်းရဲတဲ့လယ်သမားတွေကို အတိုးနည်းနည်း ၁.၅-၃%နဲ့ ပြန်ရောင်းမှာပါ။ ကျွန်တော်တို့ရဲ့ပန်းတိုင်ရောက်ဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ။"

ထို့နောက် ဦးလှကြိုင်သည် သူ့အဖွဲ့ဝင်များ၏ အဖွဲ့အစည်းစိတ်ဓာတ်နှင့် စပ်လျဉ်း၍ ဂုဏ်ယူစွာပြောလေသည်။ "ရိုးရိုးသားသားပြောရရင် ကျွန်တော်တို့အဖွဲ့မှာ စုငွေမလုံလောက်တာကလွဲပြီး ပြဿနာကြီးကြီးမားမားမရှိဘူး။ အပြန်အလှန်ယုံကြည်မှုရှိတယ်။ ကျွန်တော်တို့ရဲ့ ရပ်တည်မှုက လယ်သမားတွေရဲ့ အသက်မွေးဝမ်းကြောင်း ပိုကောင်းလာဖို့ပဲဖြစ်တယ်။ အဖွဲ့ရဲ့အစည်းအဝေးတိုင်းမှာအားလုံးကို အဖွဲ့ရဲ့ အသုံးစရိတ်အကြောင်း ရှင်းပြတယ်။ ပွင့်လင်းမြင်သာရှိဖို့နဲ့ တာဝန်ခံတတ်ဖို့ လည်းပါ တယ်။"

ဦးလှကြိုင်တို့ ငွေစုငွေချေးအဖွဲ့၏ ချေးငွေလည်ပတ်မှုသက်တမ်းသည် ၆လဖြစ်ပြီး အဖွဲ့၏အစည်းအဝေးများကိုလည်း ၆ လ တစ်ကြိမ်ပြုလုပ်သည်။ အဖွဲ့ဝင်တိုင်းသည် ချေးငွေများကို ကြိုးစား၍ ပြန်ဆပ်ကြပါသည်။

ဦးလှကြိုင်မှ သူ့အဖွဲ့၏ လူမှုရေးရန်ပုံငွေအခြေအနေကိုလည်း ယခုလို ရှင်းပြပါသေးသည်။ "အဖွဲ့ရဲ့လှည့်ပတ် ရန်ပုံငွေထဲက အဖွဲ့ဝင်တွေရဲ့ ကျန်းမာရေးကိစ္စအတွက် ငွေကျပ် (၁၀၀ ၀၀၀)ဖယ်ထားတယ်။ ကျန်းမာရေးအတွက်ငွေသုံးဖို့ကျွန်တော်တို့မှာအခြေခံစည်းမျဉ်းရှိတယ်။



ဖျာပုံမြို့နယ် စာဖြူစုရွာတွင် လယ်ထွန်နေသည့် ကိုသန်းဇော်

ဒီအရေးပေါ်ရန်ပုံငွေကို သုံးလို့ရတယ်၊ ဒါပေမယ့် (၁၅ ရက်)ကျော်ရင် ပြန်ပေးရမယ်။ အတိုးနှုန်းက အတိအကျ မသတ်မှတ်ထားပါဘူး။ ငွေချေးတဲ့သူ တတ်နိုင်သလောက် ပေးလို့ရပါတယ်။ ဒါကို ကျွန်တော်တို့က အဖွဲ့ရဲ့အလှူလို့ဘဲမြင်တယ်။ အဖွဲ့ဝင်တွေရဲ့အခက်အခဲကို ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားဖြေရှင်းပေးနေပါတယ်။"

နောက်ဆုံးအနေဖြင့် သင်တန်းများသည် လယ်သမားများအတွက် မည်မျှ အကျိုးသက်ရောက်ကြောင်း ယခုလိုရှင်းပြပါသည်။ "လွန်ခဲ့တဲ့ (၄နှစ်)လောက်က LWF ကပေးတဲ့ စာရင်းကိုင်သင်တန်းကို ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ တစ်ရွာကို ကိုယ်စားလှယ်တစ်ယောက်သာ တက်ခွင့်ရပါတယ်။ သင်တန်းရဲ့ ငွေကြေးစီမံခန့်ခွဲရေးအပိုင်းက ကျွန်တော်တို့အတွက် အလွန်အသုံးဝင်ပါတယ်။ လယ်သမားအဖွဲ့ရံပုံငွေ လည်ပတ်ရေးမှာ ပြန်အသုံးချလို့ရတာပေါ့။"

# ပွင့်လင်းမြင်သာမှု (သို့မဟုတ်) ရှေ့ဆက်သွားမည့်လမ်း

၂၀၁၄ နှစ်လယ်ပိုင်းတွင် LWF မြန်မာသည် တာဝန်ခံယူမှုနှင့်အကြံပြုတုံ့ပြန်မှုအစီအစဉ်ကို မြစ်ဝကျွန်းပေါ်ဒေသတွင် စတင်မိတ်ဆက်ခဲ့သည့် ပထမဦးဆုံးသောအဖွဲ့အစည်း ဖြစ်လာခဲ့ပါသည်။ တာဝန်ခံယူမှုနှင့်အကြံပြုတုံ့ ပြန်မှုအစီအစဉ်သည် LWF မြန်မာနှင့် မိတ်ဖက်များအကြားအပြန်အလှန်ယုံကြည်မှု၊လေးစားမှုနှင့်ပွင့်လင်းမြင်သာမှုများကို ပိုမိုအားကောင်းလာစေပါသည်။ LWF မြန်မာသည် ၎င်းအစီအစဉ်နှင့် ပတ်သတ်သည့် သင်တန်းများပေးခြင်း၊ စီမံချက်ဝင်ကျေးရွာများရှိအများပြည်သူနှင့်ဆိုင်သည့်နေရာများတွင်ပိုစတာများနှင့် အကြံပြုစာပုံးများ စိုက်ထူခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။

စီမံချက် အကောင်အထည်ဖော်သည့် အဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ရှိစေရန် LWF မြန်မာ မှဂရုတစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ဤတာဝန်ခံယူမှုနှင့် အကြံပြုတုံ့ပြန်မှုအစီအစဉ်သည် စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သူများနှင့် အခွင့်အရေး ခံစားခွင့်ရှိသူများ (ရပ်ရွာလူထုအကြား ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန်)အထောက်အကူပြုသည့်အပြင်ထပ်မံဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ချောချောမွေ့မွေ့လည်ပတ်နိုင်စေရန် ရည်ရွယ် ပါသည်။

တရုပ်ဆိပ်ကျေးရွာ၏ လယ်သမားအဖွဲ့ခေါင်းဆောင် ဦးလှဌေးက အကြံပြုတုန်ပြန်မှုနှင့် ပတ်သတ်၍ “ ဩဂုတ်လတုန်းက ရွာမှာ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အတွက် ဘောလုံးပွဲ ကျင်းပခဲ့ပါတယ်။ ပွဲမှာLWF ရဲ့ဝန်ထမ်းတချို့က ၎င်းတို့အနိုင်ရလိုဇောနဲ့ အနိုင်အရှုံးဆုံးဖြတ်ရာမှာ မျှတမှုမရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့် LWF ဖျာပုံရုံးကို ချက်ချင်းဖုန်းဆက်ပြီး တိုင်ကြားခဲ့ပါတယ်။ ကျွန်တော် ဖုန်းဆက်ပြီး နောက်တစ်နေ့မှာ စွမ်းဆောင်ရည်မြှင့်တင်ရေးအရာရှိ ဦးသစ်လွင် ရွာကိုဆင်းလာပါတယ်။ တိုင်ကြားချက်ကို အသေးစိတ်စုံစမ်းမေးမြန်းပြီး ပွဲဖြစ်မြောက်ရေးလူငယ်အဖွဲ့နဲ့ LWF ဝန်ထမ်းများ ပါဝင်သည့် မျက်နှာစုံညီအစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်။ အဆိုပါဖြစ်ရပ်အား လာမည့်နှစ်များအတွက် သင်ခန်းစာယူပြီး ကျွန်တော်သိရသလောက် သက်ဆိုင်ရာဝန်ထမ်းများကို နှုတ်ဖြင့်သတိပေးခြင်း၊ စာဖြင့် သတိပေးခြင်း တွေပြုလုပ်ခဲ့ပါတယ်။”

ပုလဲကျေးရွာဖွံ့ ဖြိုးမှုကော်မတီ၏ ဥက္ကဋ္ဌ ဦးလှငြိမ်းမှ သူ၏ရွာတွင် LWF ဖျာပုံဝန်ထမ်းများပို့ချပေးသော တာဝန်ခံယူမှုနှင့်အကြံပြုတုံ့ ပြန်မှုသင်တန်းကို တက်ရောက်ပြီးနောက် ပွင့်လင်းမြင်သာမှု အကြောင်းကို စတင်သိရှိလာခဲ့ပြီး ကျေးရွာဖွံ့ ဖြိုးမှုကော်မတီလုပ်ငန်းများအတွက် ငွေကြေးအစီရင်ခံစာများ ရေးသားရာတွင် ပွင့်လင်းမြင်သာမှုသည်မည်သို့အထောက်အကူပြုကြောင်း နားလည်လာခဲ့ပါသည်။
“ဖွံ့ ဖြိုးရေးနဲ့ပတ်သက်လာရင် ပွင့်လင်းမြင်သာမှုက အရမ်းအရေးကြီးပါတယ်။ ဒီအလေ့အကျင့်(ပွင့်လင်းမြင်သာမှု)က ပဋိပက္ခတွေကို လျှော့နည်းစေပြီး၊ နှစ်ဦးနှစ်ဘက်ကြား ဆက်ဆံရေးကိုလည်း ပိုကောင်းစေပါတယ်။”

ဖျာပုံမြို့တွင် တာဝန်ကျသော LWF မြန်မာ၏ ကျေးလက်လူထုစွမ်းဆောင်ရည် မြှင့်တင်ရေးတာဝန်ခံ ဦးဟိန်းမောင်မောင်ကလည်း ယခုလိုပြောပါသည်။ “တာဝန်ခံယူမှုနှင့် အကြံပြုတုံ့ ပြန်မှု အစီအစဉ်က ကျွန်တော်တို့ ကွင်းဆင်းဝန်ထမ်းတွေအတွက် ကြီးကြီးမားမား အထောက်အပံ့ပေးတဲ့အရာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအစီအစဉ်က တစ်ဦးနဲ့တစ်ဦးကြား ဖြစ်လာနိုင်တဲ့ သံသယတွေ၊ မယုံကြည်မှုတွေ၊ နားလည်မှုလွဲတာတွေအတွက် အကောင်းဆုံး ဖြေရှင်းပေးနိုင်တဲ့ လက်နက်တစ်ခု ဖြစ်လို့ဘဲ။ ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း လုပ်ငန်းတွေကို တာဝန်ခံယူမှုနှင့် အကြံပြုတုံ့ပြန်မှုအစီအစဉ်က အဆင်ပြေချောမွေ့ပြီး ထိရောက်မှုရှိအောင်ကူညီပေးပါတယ်။”



# အစောပိုင်းကာလပညာရေးနှင့် ကလေးသူငယ်အခွင့်အရေး

၂၀၁၄ ခုနှစ် မေလ ၂၉ ရက်နေ့တွင်LWFမြန်မာသည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ ဧရာဝတီတိုင်းဒေသကြီးမြို့တော် ပုသိမ်မြို့၌ ကလေးသူငယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ LWF မြန်မာသည် ထိုဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ကာ လူငယ်များကို မူကြိုကျောင်းဆရာများ ဖြစ်လာစေရန် သင်တန်းပေးလာခဲ့သည်မှာ (၃)နှစ်တိုင်တိုင် ရှိလေပြီ ဖြစ်သည်။

ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းကို စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၂ခုနှစ်မှစ၍ LWF မြန်မာ၏ ထောက်ပံ့မှုဖြင့် ဘိုကလေး၊ ဖျာပုံ၊ တွံတေး၊ ဒေးဒရဲမြို့မှ အမျိုးသမီးငယ်ပေါင်း (၃၈)ယောက်ခန့်ကို မူကြိုကျောင်းဆရာမများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့သည်။ LWF မြန်မာမှ သင်တန်းတက်ရောက်လိုသူ လူငယ်များအတွက် တစ်ယောက်လျှင် သင်တန်းကုန်ကျစရိတ် (၁၁၀ ၀၀၀)ကျပ် ထောက်ပံ့ပေးပါသည်။

သင်တန်းတက်ရောက်လိုသူများသည် အနည်းဆုံးအသက် (၁၈)နှစ်ပြည့်ရမည်ဖြစ်ပြီး အလယ်တန်းပညာရေး အောင်မြင်ပြီးဆုံးသူများ ဖြစ်ရပါမည်။ သင်ကြားရေးတွင် စိတ်ဝင်စားရမည်ဖြစ်ပြီး သင်တန်းတက်ရောက်နိုင်ရန်အတွက် ရွာမှ ထောက်ခံစာပါရှိရမည်ဖြစ်သည်။ ထို့အပြင် LWF မြန်မာမှ သင်တန်းတက်ရောက်လိုသူများ၏ နောက်ကြောင်းရာဇဝင်ကိုလည်း ထည့်သွင်းစဉ်းစားပါသည်။ ၄င်းအချက်များမှာ ရွာတွင် သင်တန်းအပြီး စာသင်ပြရန် လုံလောက်သည့် ကလေးအရေအတွက် ရှိမရှိ၊ ရွာတွင် မူကြိုကျောင်း ရှိမရှိ (သို့) မူကြို ဆောက်ရန် အစီအစဉ်ရှိမရှိ စသည်တို့ဖြစ်ပါသည်။

ယခုပညာသင်နှစ်တွင်အမျိုးသမီးငယ် (၆)ဦး ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်း တက်ရောက်ရန် ပညာသင်ဆု လက်ခံရရှိခဲ့ပါသည်။ သင်တန်းဆရာများမှာ ပညာရေးဌာနအပါအဝင် အစိုးရဌာနများနှင့် မြန်မာ့ကြက်ခြေနီအသင်းတို့မှ ဖြစ်ပါသည်။ ပုသိမ်၌ ဖွင့်လှစ်သောသင်တန်းသည် တစ်လကြာမြင့်ပါသည်။ သင်တန်းချိန်မှာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖြစ်ပြီး နေ့လည်စာ ထမင်းစားချိန် ၁ နာရီ ပါဝင်ပါသည်။

သင်တန်းပြီးဆုံးပြီးနောက် မူကြိုဆရာမလောင်းများသည် ၄င်းတို့၏ အိမ်အပြန်ခရီးအတွက် စိတ်လှုပ်ရှားဝမ်းသာကြကြောင်း သိရပါသည်။ အသက် ၁၇ နှစ်အရွယ် မဖူးဖူးမောင်မှ ၄င်းတက်ရောက်ခဲ့သည့် သင်တန်းနှင့် ပတ်သက်၍ ယခုလိုပြောပြပါသည်။ ‘‘ဒီသင်တန်းအကြောင်းကို ကျွန်မတို့ရွာ (ဖိုးကုန်းကျေးရွာ၊ ဘိုကလေးမြို့)က အမကြီး တစ်ယောက်ဆီက ကြားခဲ့တယ်။ သူမက ၂၀၁၃ မှာ သင်တန်းတက်ခဲ့ပြီး အခုဆို ဆရာမအလုပ်ရနေပြီ။ သူမကို အားကျပြီး ဒီသင်တန်းက ကျွန်မရဲ့ အနာဂတ်တိုးတက်ဖို့လမ်းစလို့ ယုံကြည်တဲ့အတွက် ကျွန်မဒီမှာ ရှိနေတာပါ။’’

အသက်(၂၅)နှစ်ကျော်အရွယ်ရှိ မဇင်ဇင်အောင်သည် သင်တန်းသူ (၆)ဦးအနက် တစ်ဦးတည်းသော အိမ်ထောင်သည် အမျိုးသမီးဖြစ်ပြီး ဒေးဒရဲမြို့နယ် ဆားအိုချောင်းကျေးရွာတွင်နေထိုင်ပါသည်။ သူမ၏ခင်ပွန်းသည် ရန်ကုန်မြို့၌ ငါးလုပ်ငန်း လုပ်ကိုင်သောကြောင့် ယခုအခါ သူမမှာ ဒေးဒရဲတွင် တစ်ဦးတည်းနေထိုင်လျက်ရှိပြီး သူမ၏ (၉) နှစ်သမီးနှင့် (၃) နှစ်သားအရွယ်ကလေးငယ်နှစ်ယောက်ကို ၄င်းတို့၏ အဖွားအိမ်သို့ ပို့ထားပါသည်။ ကလေးများအပေါ်အနာဂတ်မျှော်လင့်ချက်နှင့် ပတ်သတ်၍ ယခုလိုပွင့်လင်းစွာ ပြောပြပါသည်။ ‘‘သူတို့လေးတွေအပေါ် အများကြီး မမျှော်လင့်ရဲပါဘူး။ ဒါပေမယ့် အနည်းဆုံးတော့ ကျွန်မသမီးကို ဆရာမတစ်ယောက်ဖြစ်စေချင်တယ်။ သားလေးရဲ့ အနာဂတ်နဲ့ ပတ်သတ်ပြီး ပြောဖို့တော့ အရမ်းစောပါသေးတယ်။ သင်တန်းပြီးလို့ အလုပ်ချက်ချင်း မရသေးရင်လည်း သင်တန်းကရတဲ့ ဗဟုသုတတွေကို ကျွန်မကလေးတွေအတွက် သုံးလို့ ရတာပေါ့။‘‘

ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာမှ မဟေမာန်ဦးသည် သင်တန်းမတက်ရောက်မီက သူမ၏ကျေးရွာရှိ လူငယ်အဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင် စာရင်းကိုင်တစ်ယောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ သူမသည်LWFမြန်မာမှစီစဉ်သော စာရင်းကိုင်



သင်တန်းကို နှစ်ကြိမ်တက်ရောက်ခဲ့ပါသည်။ မပေဟမာန်ဦးမှ သူမရွာ၏ပညာရေးအခြေအနေကို ယခုလိုရှင်းပြပါသည်။ "မိဘတွေက ကျွန်မကို စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွေ တက်ဖို့ အားပေးတယ်။ ကျွန်မကလည်း ကိုယ်မွေးတဲ့ ကျေးရွာဖွံ့ဖြိုးရေးအတွက် အလုပ်လုပ်ပေးရတာ ပျော်တယ်။ လက်ရှိမှာ ပညာရေးနဲ့ ပတ်သက်ပြီး ရွာသူရွာသားတွေ အခက်အခဲအများကြီး ရင်ဆိုင်နေရတယ်။ အရင်တုန်းက ကျွန်မတို့ဆီမှာ အထက်တန်းကျောင်းဘဲရှိတယ်။ မူကြိုမရှိဘူး။ ကလေးတွေ တခြားရွာကို ကျောင်းသွားတက်တဲ့အခါ သယ်ယူပို့ဆောင်ရေးကလည်း ဝန်ထုတ်ဝန်ပိုးကြီးတစ်ခုပဲ။"

"သင်တန်းမတက်မီက ကျွန်မအရှေ့က သင်တန်းဆင်းဆရာမတစ်ယောက်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလကစပြီးတော့ကူညီတဲ့အနေနဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနဲ့ သိပ္ပံဘာသာရပ်တွေကို LWFက ဆောက်လုပ်ပေးတဲ့ခန်းမတစ်ခုမှာ သင်ပေးတယ်။ အခက်အခဲက ဘာလဲဆိုတော့ စာသင်တဲ့ခန်းမကို အစည်းအဝေးလည်းလုပ်တယ်၊ မူကြိုလည်းဖွင့်တယ်။ ရွာသူ/ရွာသားတွေရဲ့ စုရပ်အနေနဲ့လည်း အသုံးပြုတယ်။ ဒါ့ကြောင့်မို့ ကျွန်မတို့မှာ ပုံမှန်ကျောင်းလို ကျောင်းချိန် သတ်မှတ်ထားတာမရှိဘူး။ ကျွန်မအနေနဲ့ကတော့ ကလေးတွေအတွက် ကျောင်းသီးသန့်ရှိတာ ကောင်းလိမ့်မယ် ထင်ပါတယ်။ ပြီးတော့ ဗဟုသုတနည်းတဲ့ မိဘတွေက သူတို့ကလေးတွေကို ဘယ်အရွယ်မှာ ကျောင်းစထားရမလဲဆိုတာ မသိကြဘူး။ ဆရာတွေကလည်း အဲလို မိဘတွေကို နားလည်အောင်ပြောပြဖို့ အရည်အချင်းအများကြီး မရှိကြဘူး။ ဒီစီမံခန့်ခွဲမှုညံ့တာရဲ့ အကျိုးဆက်ကတော့ ကလေးတွေဘဲ ခံစားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လေးတွေရဲ့ မှတ်ဉာဏ် စွမ်းအားနည်းတဲ့ အချိန်မှာစာစသင်ကြရတယ်လေ။"

၎င်းသင်တန်းမှရရှိသည့် အကျိုးကျေးဇူးများအကြောင်းကို သူမကဆက်ပြောပြပါတယ်။ "ကလေးတွေရဲ့ပညာရေးနဲ့ လူမှုရေးလုပ်ရှားမှုတွေကိုမျှတအောင်လုပ်ဆောင်ပေးဖို့ကျွန်မယုံကြည်မှုတွေရှိလာပါတယ်။ ကလေးတွေကို စိတ်ပိုင်းဆိုင်ရာသာမကဘဲ ရုပ်ပိုင်းဆိုင်ရာပါ ပျိုးထောင်ပေးဖို့ ကျွန်မတို့သင်ကြားရပါတယ်။ ကလေးတွေနားလည်လွယ်တဲ့ သီချင်းတွေ၊ ကဗျာတွေနဲ့ သူတို့ကြိုက်တဲ့ အရုပ်လေးတွေကို သင်ကြားရေးမှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ထို့အပြင် ကျား/မ သဘာဝ၊ ကလေးအခွင့်အရေးနဲ့ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အကြောင်းအရာတွေကို ကျွန်မတို့အသေးစိတ်သိခဲ့ရတယ်။ မတူညီတဲ့ ဘာသာရပ်တွေထဲမှာ ကလေးအခွင့်အရေးက ကျွန်မတို့နဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားပဲ။ ဘာဖြစ်လို့လဲဆိုတော့ LWFက ကလေးအဖွဲ့အတွက် ကလေးအခွင့်အရေးသဘောတူညီမှု ပိုစတာကို ထောက်ပံ့ထားတယ်လေ။ ကျွန်မတို့အတွက် တကယ်အသုံးဝင်ပြီး မှန်ကန်စနစ်ကျတဲ့ သင်ကြားနည်းတွေ ရခဲ့ပါတယ်။"

သင်တန်းသူများသည် လစာ (၂၀, ၀၀၀ - ၃၀, ၀၀၀ ကျပ်) သာရသည့် စေတနာ့ဝန်ထမ်းအလုပ်ကို လျှောက်ရမည်လား (သို့) ဘဝအတွက် အာမခံချက်ပေးနိုင်သည့် အစိုးရအလုပ်ကို လျှောက်ရမည်လား မဆုံးဖြတ်ရသေးပါ။ (အစိုးရဝန်ထမ်းအဖြစ် ထမ်းဆောင်ပါက တာဝန်ကျရာနေရာများတွင် သွားလုပ်ကြရသည်။) သို့သော် ၎င်းတို့၏ တူညီသောဆန္ဒမှာ မိမိရပ်ရွာအတွက် အလုပ်လုပ်ရန် ဖြစ်ပါသည်။ ■




ပိမ်မြို့နယ် ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲတွင်
တွေ့ရသည့် မူကြိုဆရာမလောင်းများ

# ရခိုင်ပြည်နယ်



စစ်တွေမြို့နယ် ယာယီရွှေ့ပြောင်းစခန်းအတွင်းရှိ အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။



# ရွှေ့ပြောင်းနေထိုင်သူများ၏ စိုးရိမ်ပူပန်မှုများကို လျှော့ချပေးခြင်း

ကာလကြာရှည်ဖြစ်ပွားနေသည့်ရခိုင်ပြည်နယ်ရှိပဋိပက္ခသည် ၂၀၁၂ခုနှစ် ဇွန်လတွင် စတင်ခဲ့ပြီး အောက်တိုဘာတွင် ပြန်လည်အားကောင်းလာပါသည်။ ၎င်းပဋိပက္ခကြောင့် လူပေါင်းများစွာအိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီး အသက်မွေးဝမ်းကြောင်းလုပ်ငန်းများလည်းဆုံးရှုံးခဲ့ရသည်။ LWF မြန်မာသည် ရခိုင်ပြည်နယ်သို့ ၂၀၁၂ခုနှစ် ဇွန်လတွင် စတင်ဝင်ရောက်ခဲ့ပြီး နေရပ်မှပြောင်းရွှေ့ခဲ့ရသော ရခိုင်တိုင်းရင်းသားများ၊ မွတ်ဆလင်များနှင့် ဒေသခံများအားလုံးကို အကူအညီပေးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ပါသည်။

LWF မြန်မာ၏အဓိကလုပ်ရှားမှုများမှာ အရေးပေါ်အခြေအနေအတွက် ပညာရေးဆိုင်ရာလှုပ်ရှားမှုများ၊ စခန်းစီမံညှိနှိုင်းခန့်ခွဲမှု၊ လူထုအခြေပြုစိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေး၊ အခြေခံလူသုံးကုန်များ ဖြန့်ဝေရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး တို့ဖြစ်ပါသည်။

အစိုးရနှင့် အခြားသော လူသားခြင်းစာနာထောက်ထားမှု အကူအညီပေးသည့် အေဂျင်စီများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းသည် ရခိုင်ပြည်နယ်ရှိ ရှုပ်ထွေးကျပ်တည်းသော အခြေအနေကို ကိုင်တွယ်ဆောင်ရွက်ရာတွင် လိုအပ်သည့် အခြေခံအချက်တစ်ချက်ဖြစ်ပါသည်။ စီမံကိန်းများချောချောမွေ့မွေ့လည်ပတ်စေရန် LWF မြန်မာသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေး ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကဲ့သို့သော အစိုးရဌာနများနှင့် မိတ်ဖက်သဖွယ် ပူးပေါင်းတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်စီမံကိန်းအတွက် အဓိကအလှူရှင်အဖွဲ့အစည်းများမှာ ACT Alliance မှတဆင့် CoS နှင့် SIDA, ECHO/FCA, FCA, CZECH DIACONIA (ECCB), UNICEF နှင့် UNHCR တို့ဖြစ်ပါသည်။

ဘာဆာရာသည် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်ယာယီရွှေ့ပြောင်းစခန်းတစ်ခုဖြစ်ပါသည်။ ဦးအောင်ဖေ (၅၄)နှစ်သည် ဘာဆာရာယာယီစခန်းရှိ စခန်းစီမံခန့်ခွဲမှုကော်မတီ၏ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး သူ၏မိသားစုနှင့်အတူ စခန်းအနီးရှိရွာတွင် နေထိုင်လျက် ရှိပါ သည်။

ဦးအောင်ဖေသည် LWF မှပြုလုပ်သော စခန်းစီမံခန့်ခွဲမှု၊ ကျား/မအခြေခံသောအကြမ်းဖက်မှု၊ တာဝန်ခံယူမှုနှင့်အကြံပြုတုန့်ပြန်မှုစသည့်သင်တန်းများကို ၂၀၁၄ခုနှစ်တွင် တက်ရောက်ခဲ့ပါသည်။ ယာယီစခန်းညှိနှိုင်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဦးအောင်ဖေမှ ယခုလို ရှင်းပြပါသည်။ “အဖွဲ့ဝင်တွေက စခန်းမှာလိုအပ်တာတွေကို ဆောင်ရွက်တင်ပြပေးရတယ်၊ ရေ၊ အိမ်သာ၊ စားနပ်ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ လူအဝင်အထွက်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ အစီရင်ခံစာရေးပြီးတော့ LWFရုံးကို တစ်လနှစ်ကြိမ် တင်ပြတယ်၊ LWF ကနေပြီးတော့ သက်ဆိုင်ရာအေဂျင်စီတွေကို ဆက်လက်အစီရင်ခံပါတယ်။ ရေနှင့်ပတ်သတ်ရင် အခြားအဖွဲ့အစည်းတစ်ခုကို တင်ပြပြီး ကျန်းမာရေးနဲ့ ပညာရေးကိုတော့ အစိုးရကို တင်ပြပါတယ်။” ဥပမာအနေဖြင့် LWF သည် ကျောင်းသုံးပုံနှိပ်စာအုပ်ကိစ္စနှင့်ပတ်သက်၍ ပညာရေးဌာနနှင့် အရေးပေါ်ပညာရေးကဏ္ဍကို ဦးဆောင်နေသည့် UNICEF ကိုတင်ပြပါသည်။

၂၀၁၄ခုနှစ် ဇွန်လမှစတင်၍ “အကြံပြုစာပုံးများ” ကို ယာယီစခန်းများတွင် တပ်ဆင်ထားလျက်ရှိပါသည်။ “ရွှေ့ပြောင်းနေထိုင်သူတွေ ကျွန်တော်နဲ့ကော်မတီဝင်များအပါအဝင် မည်သူ့ကိုမဆို အကြံပြုတုန့် ပြန် စာရေးပြီး ပုံးထဲထည့်လို့ရတယ်” ဟုဦးအောင်ဖေမှ သူ၏စခန်းအတွင်း ၎င်းအစီအစဉ် လည်ပတ်နေပုံနှင့် စပ်လျဉ်း၍ ရှင်းပြပါသည်။ LWFသည် ယခင်က အကြံပြုစာပုံးများအား လစဉ် ဖွင့်ဖောက်ခဲ့ပြီး လက်ရှိတွင် အပတ်စဉ် တနင်္လာနေ့တိုင်း ဖွင့်ဖောက်ကြပါသည်။ ဦးအောင်ဖေ၏ ပြောစကားအရ ယခုအချိန်အထိ အကြံပြုတုန့်ပြန် စာတစ်စောင်မျှ မတွေ့ရသေးပါ။ သို့ရာတွင် LWF စခန်းစီမံညှိနှိုင်းခန့်ခွဲမှုလက်ထောက်အရာရှိ မနန်းဦးလှိုင်ပြောပြသည်မှာ အုန်းတော်ကြီး (တောင်) ယာယီစခန်းမှ ရွှေ့ပြောင်း နေထိုင်သူများသည် စခန်းစီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များမှ ကျွန်ုပ်တို့ စားနပ်ရိက္ခာများကို ယူ၍ ၎င်းတို့အကျိုးအတွက်သာ အသုံးပြုသည်ဟု သတင်းပို့ပါသည်။ ယင်းအဖြစ်အပျက်သည် ယာယီရွှေ့ပြောင်းစခန်းများတွင် တွေ့ကြုံရသည့် အခက်အခဲများစွာထဲမှ တစ်ခုဖြစ်ပါသည်။

ရခိုင်ပြည်နယ်ရှိ ယာယီရွှေ့ပြောင်းစခန်းရှိ စခန်းတွင်းနေထိုင်သူများနှင့် အေဂျင်စီများ၏ စုပေါင်း ညှိနှိုင်း အစည်းအဝေး။

# အလွန်အဓိပ္ပာယ်ရှိတဲ့ ဆရာမတစ်ယောက်ဘဝ

၂၀၁၂ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဒေသတွင်းပဋိပက္ခကြောင့် မလှလှဆွေ အသက် (၂၁)သည် သူမ၏ ပညာရေးကို တပိုင်းတစဖြင့် စွန့်လွှတ်ခဲ့ရသော်လည်း သူမ၏ ပညာရေးအိမ်မက်မှာ မှုန်ဝါးသွားခဲ့ခြင်း မရှိပါ။ ဥရောပသမဂ္ဂ (၂၀၁၂ခုနှစ်၏ နိုဘယ်လ်ဆုရရှိသည့် အဖွဲ့အစည်း)၏ ထောက်ပံ့မှုအောက်တွင် LWF မြန်မာနှင့် FinnChurchAid (FCA) တို့ပူးပေါင်းလုပ်ဆောင်နေသည့် စီမံကိန်းဝင် မွတ်ဆလင် ယာယီရွှေ့ပြောင်းစခန်းတွင် သူမသည် ဆရာမအဖြစ် စတင် တာဝန်ထမ်းဆောင်သွားမည် ဖြစ်ပါသည်။

“ကလေးတစ်ယောက်ရဲ့ အနာဂတ်အတွက် ပညာရေးက အရေးကြီးတာကြောင့် ကလေးတိုင်း ပညာသင်ကြားခွင့် ရရှိသင့်ပါတယ်။ ပညာတတ်တဲ့ ကလေးတစ်ယောက်အနေနဲ့ အနည်းဆုံးတော့ အမှား၊အမှန်ကို ဝေဖန်ပိုင်းခြားတတ်တာပေါ့” ဟု သက်ကယ်ပြင်ကျောင်းရှိ သင်တန်းကာလအတွင်း မလှလှဆွေမှ ပြောခဲ့ပါသည်။

အသက် ၃နှစ်မှ ၁၇နှစ်အတွင်း ကလေးငယ်များ၏ ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းများကို အရေးပေါ်ကာလပညာသင်ကြားရေး စီမံကိန်းက သေချာအောင် ဆောင်ရွက်ပေးပါသည်။ ဤစီမံကိန်းတွင် ရှေးဦးကလေးဖွံ့ ဖြိုးမှု၊ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့ပါဝင်ပြီး ယာယီသင်ကြားရေးစခန်းများ၊ ကလေးပျော်နေရာများ ဆောက်လုပ်ပေးခြင်းနှင့် ကျောင်းဆရာများအား ထောက်ပံ့ခြင်းနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကလေးသူငယ်များ ဘဝငြိမ်းချမ်းရေးဥရောပကော်မရှင်စီမံကိန်း၏ ထောက်ပံ့မှုမှတစ်ဆင့် LWFနှင့် FCA တို့လက်တွဲ၍စစ်တွေမြို့ရှိအသက် ၃ - ၁၇နှစ် ကလေးငယ်များအတွက် ယာယီစာသင်ကျောင်းဆောင် (၁၅)ခု၊ ကလေးပျော် (၁၀)နေရာနှင့် ကျောင်းပြင်ပပညာရေးစာသင်ဆောင် (၆)ဆောင်တို့ကို မွတ်ဆလင် ယာယီစခန်းများတွင် ဆောက်လုပ်ပေးခဲ့ပြီး ဗုဒ္ဓဘာသာယာယီစခန်းများတွင် ကျောင်းပြင်ပပညာရေးစာသင်ဆောင် (၄)ဆောင်ကို ဆောက်လုပ်ပေးခဲ့ပါသည်။ အသက် ၁၁နှစ်မှ ၁၇နှစ်အရွယ် လူငယ်လေးများအတွက် ကျောင်းပြင်ပပညာပေးသင်ကြားရေးအစီအစဉ်တွင် အခြေခံစာတတ်မြောက်ရေးနှင့် အပေါင်းအနုတ်တတ်မြောက်ရေးတို့ပါဝင်ပါသည်။



မလှလှဆွေသည် အသစ်ဆောက်လုပ်ထားသည့် အုန်းတောင်ကြီးတောင်ရှိ ယာယီစာသင်ဆောင်တွင် မူလတန်းကျောင်းသားများကို စာသင်ပေးမည်ဖြစ်သည်။

မလှလှဆွေသည် မကြာသေးမီက ခန့်အပ်လိုက်သည့် ပထမအသုတ် လူထုအခြေပြု ဆရာများ

အဖွဲ့မှ ကံကောင်းသည့် ဆရာမတစ်ယောက် ဖြစ်ပါသည်။ မလှလှဆွေက “ဆရာမ တစ်ယောက်ဘဝက ကျွန်မအတွက် အလွန်အဓိပ္ပာယ်ရှိပါတယ်။ မိမိကိုယ်တိုင်ရော ကလေးတွေပါ တိုးတက်လို့ ပျော်ရွှင်ကျေနပ်ရပါတယ်။ တစ်ချိန်ထဲမှာပဲ ဝင်ငွေလည်းရတယ်လေ။ ဖြစ်နိုင်မယ်ဆိုရင်တော့ ဒီမှာတစ်နှစ်ကျော်ကျော်လောက်နေပြီး ရန်ကုန်မှာ ပညာဆက်သင်ချင်ပါတယ်” ဟုဖွင့်ဟခဲ့ပါသည်။

## (၆)ရက်တာသင်တန်း

LWF မှကြီးမှူးကျင်းပသော လူထုအခြေပြုဆရာ အတတ်သင် (၆)ရက်တာသင်တန်းကို အစိုးရကျောင်းဆရာများ ဦးစီး၍ ပြုလုပ်ခဲ့ပါသည်။ သင်တန်းသားများသည် မူလတန်းအရွယ် ကျောင်းသားများအတွက် စာသင် ကြားပုံသင်ကြားနည်းဆိုင်ရာ နည်းစနစ်များကို သင်ယူခဲ့ရသည်။

သင်ကြားနည်းစနစ်များထဲမှ တစ်နည်းမှာ ရေး၊ဖတ်၊ ပြောနည်း ဖြစ်ပါသည်။ ကျောင်းသားများကို ရုပ်ပုံများနှင့်တကွ သင်ကြားပြီး ပုံအကြောင်းကိုရှင်းပြ၍ ကျောင်းသားများအား လိုက်မှတ်စေပါသည်။ ၃-၅ နှစ် အရွယ်ကလေးငယ်များအတွက် ကလေးပျော်နေရာတွင် အရုပ်များနှင့် ကစားစေပြီး ၎င်းတို့၏ စိတ်ကျန်းမာရေး၊ အထွေထွေဗဟုသုတ၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် ဖြတ်ထိုးဉာဏ်စွမ်းအားကို မြှင့်တင်ပေးပါသည်။

လူမှုစိတ်ပိုင်းဆိုင်ရာကာကွယ်ရေးနှင့် မြှင့်တင်ရေးအရာရှိ ဒေါ်မေမြင့်အောင်က “ဒီလုပ်ရှားမှုတွေက စခန်းထဲကလူတွေ အခြေခံအဆင့် စာရေးတတ်ဖတ်တတ်ရန်နဲ့ ဂဏန်းသင်္ချာတတ်မြောက်ရန် အထောက်အကူပေးပြီး မျိုးဆက်သစ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ ပတ်ဝန်းကျင်ကို တစ်ဖက်တစ်လမ်းက ဖန်တီးပေးပါ တယ်” ဟုပြောပါသည်။

၎င်းပညာရေးစီမံချက်သည် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်ယာယီ စခန်းများမှ အသက် ၃-၁၇နှစ် အတွင်းရှိ ကလေးငယ်ပေါင်း (၇ ၀၀၀)ကို အကျိုးပြုမည်ဖြစ်ပြီး ၎င်းအရေအတွက်သည် စခန်းတွင်းနေထိုင်သူဦးရေ၏ ၆၀% နှင့် ညီမျှပါသည်။

FINN CHURCH AID
actalliance

EU Children of Peace
EUROPEAN UNION:
RECIPIENT OF THE 2012
NOBEL PEACE PRIZE®

The EU supports education
projects for children in conflict.
ec.europa.eu/echo/EU4children



# သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ဖို့ အကောင်းဆုံး နမူနာတစ်ခု

နှစ်စဉ်ကျင်းပလျက်ရှိသော နိုင်ငံတကာသဘာဝဘေးအန္တရာယ်လျော့ပါးစေရေးနေ့ကို ကုလသမဂ္ဂ အထွေထွေညီလာခံမှ သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေး၊ ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်မှုတို့ပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုရေး လှုပ်ရှားမှုတစ်ခုအဖြစ် ရှုမြင်သုံးသပ်ပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် LWF သည် UNDP, EU, ACF, Oxfam, Plan စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်တကွ ၎င်းအထိမ်းအမှတ်ပွဲကို အောက်တိုဘာလ ၁၃ရက်နေ့တွင် ခမ်းနားလှပသော တော်ဝင်စစ်တွေ အပန်းဖြေရိပ်သာ၏ အဓိကခန်းမကြီးတွင် ဝိုင်းဝန်းစုစည်းကာ ကျင်းပခဲ့ပါသည်။ ယင်းအခမ်းအနားသို့ တက်ရောက်လာကြသူများမှာ ကျောင်းသူကျောင်းသားများ၊ အမျိုးသမီးအဖွဲ့ဝင်များ၊ မြန်မာ့ကြက်ခြေနီအသင်း၊ အစိုးရအရာရှိကြီးများနှင့် ပါဝင်ဆောင်ရွက်ကြသော နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများဖြစ်ပါ သည်။ ၂၀၁၄၏ ဆောင်ပုဒ်မှာ ‘ခံနိုင်ရည်ရှိတာဘဝအတွက်ပါ’ ဖြစ်ပါသည်။

UNDP အဖွဲ့၏ ကိုယ်စားလှယ်တစ်ဦးနှင့်အတူ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီးမှ အခမ်းအနား ကို ဖွင့်လှစ်ပေးခဲ့ပြီး သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးနှင့် ခံနိုင်ရည်ရှိရေးတို့နှင့် စပ်လျဉ်း၍ မိန့်ခွန်းများ ပြောခဲ့ကြပါသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးနှင့် ခံနိုင်ရည်ရှိရေးတို့နှင့် စပ်လျဉ်းသော ပန်းချီနှင့် စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ကြေညာပါသည်။ မူလတန်းမှ အထက်တန်းအထိ ကျောင်းသားပေါင်း (၁၄)ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ရခိုင်ပြည်နယ်ရှိ ကျောင်းအသီးသီးမှ လာရောက်ကြခြင်း ဖြစ်ပါသည်။

အခမ်းအနားကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးရုံးမှ ဖန်တီးထားသော စိတ်ဝင်စားစရာ ဗီဒီယိုမှတ်တမ်းပြသမှုဖြင့် အဆုံးသတ်ခဲ့ပါသည်။ ထိုဗီဒီယိုပြသမှုသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်မှ ၁၇ရက် အတွင်း ဆိုင်ကလုန်းမုန်တိုင်းအတုပြုလုပ်ကာ ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများအကြောင်း ရိုက်ကူးပညာပေးထားခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးမှ ကမ္ဘာကြီးပူနွေးလာမှုကြောင့် သိသာထင်ရှားစွာ သဘာဝဘေးအန္တရာယ်များပြားလာကြောင်းနှင့် ပိုမိုပြင်းထန်လာကြောင်း ပြောကြားသွားပါသည်။ “အကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် အတူတကွဆောင်ရွက်ကာ၊ ထိထိရောက်ရောက် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းဖြင့်သဘာဝ

ဘေးအန္တရာယ်ကို ထိန်းညှိခြင်းသည် ခံနိုင်ရည်ရှိခြင်းအတွက် အဓိက သော့ချက်ဖြစ်သည်'' ဟုနိဂုံးချုပ်ပါသည်။

စာစီစာကုံးပြိုင်ပွဲ နောက်ဆုံးဆန်ခါတင် ကျောင်းသား နှစ်ယောက်မှ ၎င်းတို့၏ အတွေ့အကြုံများကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ယခုလို ပြောပြခဲ့ပါသည်။

မချောစုရွှေဟန်သည် (၁၃)နှစ်အရွယ် ၈တန်း ကျောင်းသူ တစ်ဦး ဖြစ်ပါသည်။ သူမသည် အခမ်းအနားတွင် ပြုလုပ်သည့် အဆင့်မြင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့ပါသည်။ သူမရေးသော စာစီစာကုံးအကြောင်းအရာ အချို့ကို ပြောပြသည်မှာ ''စက်ရုံတွေက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေ လေထုထဲရောက်သွားပြီး အိုဇုန်းလွှာကို ပျက်စီးစေပါတယ်။ နေမှတစ်ဆင့် အန္တရာယ်ရှိတဲ့ ခရမ်းလွန်ရောင်ခြည်တန်းတွေက လေထုကိုဖြတ်သန်းပြီး အရေပြားကင်ဆာလို အန္တရာယ်ရှိတဲ့ အကျိုးသက် ရောက်မှုတွေကို လူတွေမှာဖြစ်စေပါတယ်။'' အန္တရာယ်ရှိသော အကျိုးသက်ရောက်မှုအကြောင်း လူငယ်များသိရှိရန် အရေးကြီးကြောင်းနှင့် သိုမှသာမည်သို့ ကာကွယ်ရမည်ကို သိမည်ဖြစ်ကြောင်း သူမကပြောပြခဲ့ပါသည်။

မောင်မျိုးခိုင်ချိုသည် အသက်(၁၄)နှစ်အရွယ်ရှိ ၉တန်း ကျောင်းသားလေးတစ်ဦး ဖြစ်ပါသည်။ စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆု ရလက်မှတ်ကို ဂုဏ်ယူစွာ ကိုင်လျက်သူ၏ အတွေ့အကြုံများကို ပြောပြခဲ့ပါသည်။ ''ကျွန်တော်ရေးခဲ့တဲ့ စာစီစာကုံးက သဘာဝဘေးအန္တရာယ်ကြောင့် လူတွေရဲ့ ဘဝနဲ့ ငွေကြေး ပိုင်ဆိုင်မှုတွေကို ဘယ်လောက် ထိခိုက်နိုင်ကြောင်းနှင့်၊ ပြန်လည်ထူထောင်ရေးအနေနဲ့ အစိုးရက ဘယ်လိုကူညီဆောင်ရွက်မလဲဆိုတာ ဖြစ်ပါတယ်။'' သူ၏ မိသားစုသည် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခံခဲ့ရသဖြင့် မောင်မျိုးခိုင်ချိုသည် ဤခေါင်းစဉ်အကြောင်းအရာကို ကောင်းစွာသိနားလည်သူဖြစ်ပါသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ၂၀၀၈ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသမှ လူပေါင်း သိန်းနှင့်ချီ၍ သေကြေပျက်စီးခဲ့ကြရပြီး နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး သဘာဝကပ်ဘေး တစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ''ကျွန်တော့ မိဘတွေက မြစ်ဝကျွန်းပေါ်ဒေသမှာ စီးပွားရေးလုပ်ငန်းတစ်ခု ပိုင်တယ်။ အဲ့ဒါ ပျက်စီးသွားတယ်။ ဒါကြောင့် အမျိုးတွေရှိတဲ့ ရခိုင်ပြည်နယ်ကို ကျွန်တော်တို့ မိသားစုရွှေ့လာခဲ့တယ်'' ဟုပြောခဲ့သည်။ သဘာဝဘေး အန္တရာယ်လျော့ပါးစေရေးကို ကျောင်းသားတွေ ဘာကြောင့် သိသင့်တာလဲဟူသည့်အမေးကို မောင်မျိုးခိုင်ချိုမှ ယခုလို ပြန်လည် ဖြေကြားခဲ့ပါသည်။ ''ပညာပိုတတ်လေလေ သဘာဝဘေးအန္တရာယ် ကိုဘယ်လိုတုံ့ပြန်မလဲဆိုတာ ပိုသိလေလေပါပဲ။'' မောင်မျိုးခိုင်ချို၏ မိသားစုသည် ယခုအခါ ရခိုင်ပြည်နယ်တွင် စီးပွားရေးလုပ်ငန်း တစ်ခု လုပ်ကိုင်နေပြီး ဆက်လက်အခြေချနေထိုင်ရန် ဆုံးဖြတ်ထားပါသည်။ သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ဖို့ အကောင်းဆုံးနမူနာ တစ်ခုဖြစ်ပါသည်။




နိုင်ငံတကာသဘာဝဘေးအန္တရာယ်လျော့ပါးစေရေးနေ့စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် မချောစုရွှေဟန်နှင့် မောင်မျိုးခိုင်ချိုတို့ကို LWF စစ်တွေရုံးရှိဝန်ထမ်းများနှင့် အတူတွေ့ရစဉ်။

# ဘဝအမောများထဲမှ အပြုံးပန်းများ

LWF မြန်မာသည် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ကျား - မခွဲခြားခြင်းမရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် အလျောက် ရခိုင်ပြည်နယ်ရှိ မတူညီသည့်လူထုများအကြား မျှတသည့် အကူအညီများပေးခြင်းဖြင့် ဒေသတွင်း ဆူပူအကြမ်းဖက်များမှု လျော့ကျစေရန် အတတ်နိုင်ဆုံး ကြိုးပမ်းလျက် ရှိပါသည်။

ထိုနေ့(ဇွန်လ ၂၄ရက်)သည် နေသာပြီးကြည်နူးဖွယ်ကောင်းသည့် နေ့တစ်နေ့ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မူလတန်းကျောင်းသားများသည် ၎င်းတို့အတွက် ကျောင်းသားသုံးစာရေးကိရိယာများရရှိကြသဖြင့် အပြုံးပန်းများနှင့် ဝေဆာနေသောကြောင့် ဖြစ်ပါသည်။

စစ်တွေမြို့ရှိ ယာယီရွှေ့ပြောင်းစခန်းများတွင် များပြားလှစွာသော အကြောင်းရင်းများကြောင့် အပြုံးများပျောက်ဆုံးနေသည်မှာ ကြာမြင့်ပြီဖြစ်ပါသည်။ ဗုဒ္ဓဘာသာယာယီစခန်းရှိ ဆရာမ ဒေါ်သန်းသန်းရွှေ (၄၇)နှစ်က "ကျောင်းသားအသုံးအဆောင်တွေ ဝေရတာ ကျွန်မလည်းပျော်ရွှင်ပါတယ်။ ကလေးတွေရဲ့ မျက်နှာမှာ ပျော်ရွှင်မှုတွေ ပြန်တွေ့ရတာ အရမ်းကျေနပ်ပါတယ်။" ဟုဆိုပါသည်။

ကျောင်းသားများအားလုံး ပြုံးပျော်နေကြပြီး ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ပညာရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် LWF စစ်တွေရုံးရှိဝန်ထမ်းများမှ ပေးဝေမည့် ပစ္စည်းများ ထည့်ထားသောအိတ်ကြီးကိုရရန်အတွက် မိမိအလှည့်ရောက်ရန် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် စောင့်နေကြပါသည်။ အိတ်ရရချင်း အိမ်သားများကိုလိုက်ရှာပြီး သယ်ပေးရန် အကူအညီတောင်းပါတော့သည်။

## ကျောင်းသားအသုံးအဆောင်များ

ကျောင်းသား တစ်ဦးချင်းစီကို ကလေးသူငယ်များဘဝငြိမ်းချမ်းရေးဥရောပကော်မရှင်စီမံကိန်းမှ ထောက်ပံ့သည့် ခဲတံ၊ ခဲဖျက်၊ ချွန်စက်၊ ပေတံ၊ ကွန်ပါဘူးအိတ်၊ လွယ်အိတ်၊ ထမင်းဘူး၊ ရေဘူး၊ ရာဘာဖိနပ်၊ မိုးကာနှင့် ကျောင်းသုံးဗလာစာအုပ်များ ထည့်ထားသည့် အိတ်တစ်အိတ်စီ ပေးပါသည်။

အသက် (၄၃)နှစ်အရွယ် ကျောင်းသားမိခင် ဒေါ်ခိုင်ခိုင်နွယ်က ကျောင်းသုံးပစ္စည်းများ၏ အသုံးဝင်ပုံကို ယခုလို ပြောပြပါသည်။ "ပစ္စည်းတွေက မူလတန်းအရွယ်ကလေးတွေအတွက် အလွန်သင့်တော်ပါတယ်။ စာရေးကိရိယာအပြင် ကျောင်းသားတွေအတွက် အခြားလိုအပ်တဲ့ အခြေခံအသုံးအဆောင်တွေ စုံစုံလင်လင်ပါပါတယ်။ အရင်ကဆို အချို့ကလေးတွေ ကျောင်းသွားကြရင် ဖိနပ်တောင်မပါဘူး။ မိုးတွင်းကာလဆိုရင် ရောဂါပိုးဝင်လွယ်တာသိပေမယ့် မိဘတွေကလည်း မတတ်နိုင်ဘူးလေ။ အခုတော့ ဖိနပ်တွေရလို့ စိတ်ပူစရာမရှိတော့ပါဘူး။"

ယာယီရွှေ့ပြောင်းစခန်းများရှိ ကလေးများအတွက် သေးငယ်သည့် ပစ္စည်းဖြစ်စေကာမူ ၎င်းတို့ပိုင်ဆိုင်ခွင့်ရရှိသောကြောင့် ကြီးမားသည့် စိတ်ခွန်အားကို ဖြစ်စေပါသည်။

ဆရာမဒေါ်သန်းသန်းဆွေကအပြုံးဖြင့် "ကျွန်မရဲ့တပည့်တွေ ဒီစာသင်နှစ်တစ်လျှောက်လုံး ပစ္စည်းတွေထုတ်သုံးပြီး ပျော်ရွှင်နေကြမှာ သေချာပါတယ်။ ဒီပစ္စည်းတွေက သူတို့ကို စိတ်ရောကိုယ်ပါ ကျေနပ်မှုပေးနိုင်ပါတယ်။ မိမိကိုယ်ကို ပိုမိုတန်ဖိုးထားတတ်လာပြီး ကျောင်းနေပျော်ပြီးစာတော်လာမှာပါ" ဟုပြောပါသည်။



ကျောင်းသုံးပစ္စည်းများရရှိသည့်အတွက် ပျော်ရွှင်နေကြသော သူငယ်ချင်း ၃ယောက်



စစ်တွေမြို့ရှိ ဗုဒ္ဓဘာသာယာယီရွှေ့ပြောင်းစခန်းတွင် စာသင်နေသော ကျောင်းသားတစ်ဦး။

အမှတ် (၁)အခြေခံပညာမူလတန်းကျောင်း စက်ရိုးကျရှိ မူလတန်းကျောင်းသားများလည်း ကျောင်းသားသုံး ပစ္စည်း (၂၈၉)ခု ရရှိခဲ့ပါသည်။ ထို့အပြင် အနီးအနားမှ ကျောင်းလာတတ်သူ ကျောင်းသားများနှင့် စစ်တွေမြို့ရှိ ဗုဒ္ဓဘာသာယာယီစခန်းတစ်ခုသို့ကျောင်းသားသုံးပစ္စည်း (၃၉) ခုခန့်ထောက်ပံ့ခဲ့ပါသည်။ ၂၀၁၄ – ၁၅စာသင်နှစ်အတွက် ၄င်းစီမံကိန်းမှ ရွှေ့ပြောင်းစခန်းရှိ ကျောင်းသားပေါင်း (၁၆၀၀) ကို ကျောင်းသုံးစာရေးကိရိယာများ ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသက် (၆) နှစ်အရွယ်ရှိ မောင်စိုးမိုးဌေးက သူ၏အပျော်များကို ပြောပြသည်မှာ "ဒီပစ္စည်းတွေရရင် အကုန်လုံး ပျော်ကြမှာ အသေအချာဘဲ။ ကျွန်တော်ကတော့ ဗလာစာအုပ်ထဲမှာ တစ်ရွက်မှမကျန်အောင် အကုန်ရေးပစ်မှာ။ အတန်းထဲမှာ စာအတော်ဆုံးဖြစ် အောင်လည်း ကြိုးစားဦးမှာ။"

### "ကျွန်တော်ကတော့ ဗလာစာအုပ်ထဲမှာ တစ်ရွက်မှမကျန်အောင် အကုန်ရေးပစ်မှာ။"

အချို့ကျောင်းသားလေးများသည် လေးလံသည့် အိတ်ကြီးကို မိမိကိုယ်တိုင်သယ်ပိုး၍ ပြန်သွားကြရသည်။ ယာယီရွှေ့ပြောင်းစခန်းများတွင် မိဘအများစုသည် ကလေးများအတွက် အချိန်မပေးနိုင်ကြပေ။ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးကို အဓိကထား ဖြေရှင်းနေရသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ထိုနေ့လေးသည် မိဘများ၊ ဆရာများနှင့် ကျောင်းသားများ၏ ဘဝအမောများကြားမှ အပြုံးပန်းများ ဝေရသည့်နေ့ ဖြစ်ပါသည်။

FINN CHURCH AID actalliance

EU Children of Peace
EUROPEAN UNION: RECIPIENT OF THE 2012 NOBEL PEACE PRIZE®

The EU supports education projects for children in conflict.
ec.europa.eu/echo/EU4children

# ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ စံနမူနာ လူမှုစိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများ

၂၀၁၄ ဩဂုတ်လမှစတင်၍ LWF မြန်မာသည် ကယ်ဆယ်ရေးစခန်း (၉)ခုရှိ စာကြည့်တိုက် (၁၁)ခုသို့ ဗဟုသုတဖြစ်ဖွယ်စာအုပ်များ၊ အင်္ဂလိပ်စာလေ့လာရန်စာအုပ်များ၊ ကလေးဂျာနယ်များနှင့် နေ့စဉ်ထုတ်သတင်းစာများကို လစဉ်လတိုင်းပံ့ပိုးပေးလျက်ရှိပါသည်။ စက်ရုံစု (၁)ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင်လည်း စာကြည့်တိုက် (၁)တိုက်ရှိပါသည်။ ထိုစာကြည့်တိုက်သို့ LWF မှ စားပွဲများ၊ ကုလားထိုင်များ၊ ဘီရိုတစ်လုံး၊ သေတ္တာတစ်လုံး၊ ခုံရှည်များ စသည့်ပရိဘောဂပစ္စည်းများ ထောက်ပံ့သည့်အပြင် LWF မြန်မာသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကလေးများအတွက် အားကစားပြိုင်ပွဲများ ကဲ့သို့ ပျော်ပွဲရွှင်ပွဲများကိုလည်း စီစဉ်ကျင်းပပေးလျက်ရှိသည်ဟု မမေမြင့်အောင် မှ ပြောကြားပါသည်။ ဘုန်းတော်ကြီးသင်ကျောင်း ကျောင်းထိုင်ဘုန်းကြီး မှ "စာကြည့်တိုက်က ပြည့်စုံတယ်၊ LWF ကစာအုပ်တွေ၊ ကလေးဂျာနယ်တွေ လစဉ်လှူတယ်၊ စာအုပ်တွေထည့်ဖို့ ဘီရိုနဲ့သေတ္တာလည်းလှူတယ်" လို့မိန့်တော် မူပါတယ်။

စစ်တွေ၌ရှိသော ကယ်ဆယ်ရေးစခန်းများအနက် စက်ရုံစု(၁)တွင် ရှိသော ကယ်ဆယ်ရေး စခန်းသည် စစ်တွေမြို့နှင့် အနီးဆုံးစခန်းဖြစ်ပါသည်။ ထိုကယ်ဆယ်ရေးစခန်းတွင် ဗုဒ္ဓဘာသာဝင် မရမာကြီးတိုင်းရင်းသား ဒုက္ခသည်များ နေထိုင်ကြပါသည်။ စက်ရုံစုသို့ စစ်တွေမြို့မှ (၁၀)မိနစ်ခန့်သာ ကားမောင်းရပါသည်။ စက်ရုံစုရှိ ဓညဝတီရပ်ကွက်(က)တွင် "မင်းကျောင်း(ပရဟိတ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း" ဟုခေါ်သော စာသင်ကျောင်း တစ်ကျောင်းရှိပါသည်။ ထိုကျောင်းတွင် သူငယ်တန်းမှ ၈တန်းအထိ ကျောင်းသူ ကျောင်းသားပေါင်း(၄၈၅)ယောက် ပညာသင်ကြားလျက်ရှိရာ ထိုကျောင်းသူ ကျောင်းသားထဲတွင် စက်ရုံစု ဒေသခံကလေးများ၊ ကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်ကလေးများနှင့် အနီးအနားရွာမှ ကလေးများပါဝင်ပါသည်။

ကျောင်းထိုင်ဆရာတော်မှ မိန့်တော်မူသည်မှာ သူငယ်တန်း မှ ၈တန်းအထိ ကျောင်းသူ ကျောင်းသားအားလုံးကို သင်ကြားရန် ဆရာ/ဆရာမ(၁၂)ယောက်သာ ရှိပါသည်။၄င်းတို့အနက် ၄ယောက်မှာ တက္ကသိုလ်ဘွဲ့ရများ၊ တချို့ဆရာများ က အဝေးသင်တက္ကသိုလ်တက်နေသူများဖြစ်ပြီး တချို့ကြတော့(၁၀)တန်း အောင်ထားကြပါသည်။ ဆရာတော်က "ကျောင်းအတွက် ဆရာ၊ ဆရာမ(၅)ယောက်လောက် လိုသေးတယ်" ဟု မိန့်တော်မူပါသည်။ ပိုမိုသင့်တော်သည့် ကျောင်းသား/ဆရာ အချိုးရရန်ဖြစ်ပါသည်။

ကျောင်းထိုင်ဆရာတော်သည် သူ၏ကျောင်းသူ ကျောင်းသားလေးများအပေါ် စိတ်ရောကိုယ်ပါပျော်ရွှင်အောင် စောင့်ရှောက်ပါသည်။

နှစ်စဉ် ဒီဇင်ဘာလတွင် အားကစားပြိုင်ပွဲများပြုလုပ်ပေပြီး အခါအားလျော်စွာ ကာရာအိုကေ သီချင်းဆိုပွဲများကိုသူ၏ ကျောင်းသူ/ကျောင်းသားလေးများအတွက် ကျင်းပပေးပုံကို ဆရာတော်က "ကလေးတွေက လတိုင်းနှစ်တိုင်း ကျောင်းစာပဲလုပ်နေရတော့ သူတို့တွေ ပျော်ရွှင်မှုရှိဖို့လိုတယ်။" ဟု အမိန့်ရှိပါသည်။

စာကြည့်တိုက်နှင့်ပတ်သက်၍ ဆရာတော်မှ မိန့်ကြားသည်မှာ "ကလေးတွေ ဗဟုသုတရစေဖို့ စာအုပ်အသစ်တွေ လိုသေးတယ်၊ (ဥပမာအားဖြင့်)တောရိုင်းတိရစ္ဆာန် အမျိုးမျိုးအကြောင်းရေးထားတဲ့ စာအုပ်တွေ၊ (LWF မှ လှူ ထားသော) တချို့ စာအုပ်တွေဆို ဗဟုသုတရတယ်၊ ဥပမာ အမေရိကတိုက်ကို ရှာတွေ့တဲ့ ခရစ်(စ်)တိုဖာကို လံဘတ်(စ်)၊ နောက်ပြီး လေယာဉ်ပျံတွေ၊ သင်္ဘောတွေ တီထွင်တဲ့ သိပ္ပံပညာရှင်တွေ အကြောင်းရေးထားတဲ့ စာအုပ်တွေက ဗဟုသုတရတယ်။ အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်တွေလဲ ကလေးတွေအတွက် အကျိုးရှိတယ်။" သူ၏ကျောင်းသူကျောင်းသားများအတွက် အိမ်သာဆောက်ပေးရန် ဆရာတော်မှ LWFကို မေတ္တာရပ်ခံပါသည်။ နောက်တစ်ခုဆရာတော် မေတ္တာရပ်ခံသည်မှာ "ကလေးတွေ ကစားဖို့ ဘုန်းဘုန်းတစ်ခုလိုချင်တာက စီးဆော၊ ဒါန်း(အစရှိသည်တို့) ပါတဲ့ ကစားကွင်းတစ်ခုလောက်" ဟု မိန့်ကြားပါသည်။ ■


စက်ရုံစု ၁ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် စာသင်လျက်ရှိသည့် ကျောင်းသားများ



ဝန်ထမ်းများ မြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် LWF အမှတ်အသားကို ပုံဖော်နေကြစဉ်။

# လုပ်ငန်းခွင်အခက်အခဲများ

LWF သည်မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်ခံစားလွယ်သူပေါင်းများစွာကို ကူညီလျက်ရှိသော်လည်း ဖွံ့ဖြိုးရေးနှင့် လူသားချင်း စာနာထောက်ထားသည့် လမ်းခရီးသည် အဆင်မြဲ ချောမွေ့မနေပါ။ နေ့စဉ်နှင့်အမျှ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရပါသည်။ အောက်ဖော်ပြပါအချက်များသည် LWFမြန်မာ၏ နယ်ရုံးများတွင် တွေ့ကြုံရသည့် ဖြစ်လေ့ဖြစ်ထရှိသော စိန်ခေါ်မှုများ ဖြစ်ပါသည်။

၁။ LWF အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် နည်းလမ်းကို အဓိကထား လုပ်ဆောင်သော်လည်း အစိုးရနှင့် ဒေသခံအဖွဲ့အစည်းများက အခြေခံအဆောက်အအုံဆောက်လုပ်ပေးခြင်းကိုသာ ပိုမိုအားပေးကြပါသည်။

၂။ မြန်မာနိုင်ငံရှိ လူထုနှင့် အသားမကျသေးသည် လူ့အခွင့်အရေးအခြေပြုစွမ်းဆောင်ရည်မြှင့်တင်ပေးသည့်နည်းလမ်းကို ဆောင်ရွက်ရာတွင် LWF သည် အစိုးရနှင့် ဒေသခံများ၏ နားလည်မှုလွဲသည့် ဖြစ်ရပ်များနှင့် တစ်ခါတစ်ရံတွေ့ကြုံရပါသည်။

၃။ အင်တာနက်နှင့် ဖုန်းလိုင်းဆက်သွယ်ရေးသည် LWF နယ်ရုံးများမှ တွေ့ကြုံနေရသည့် ကြီးမားသည့် အခက်အခဲများထဲမှ တစ်ခုဖြစ်ပြီး သတင်းအချက်အလက်များ ရရှိမှုကို နှောင့်နှေးကြန့်ကြာစေပါ သည်။

၄။ နေ့စဉ်နှင့်အမျှ လျှပ်စစ်ဓာတ်အား ပြတ်တောက်သဖြင့် ရုံးများတွင် မီးစက်များ ဆောင်ထားရပါသည်။

၅။ အစိုးရနှင့် လူထုအကြား ယုံကြည်မှုနည်းပါးခြင်းသည် စီမံချက်နှင့် ပတ်သက်ဆက်နွယ်သူများ၏ ပူးပေါင်းပါဝင်မှုကို အားလျော့စေပါသည်။

၆။ အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် လူအရင်းအမြစ်ပါဝင်မှုနည်းပါးခြင်းသည် စီမံချက်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ် ကို နှောင့်နှေးစေပါသည်။

၇။ ပြည်တွင်းရှိ ကာလရှည်ကြာဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများအပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ခရီးသွားလာခွင့်နှင့် အခြားအထူးခွင့်ပြုချက်များ တောင်းခံရမှုများသည် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများ ကို ကန့်သတ်ထားပါသည်။

ဒေသတစ်ခုစီအလိုက် တွေ့ကြုံရသည့် အခက်အခဲများကို ဆက်လက်ဖော်ပြရမည်ဆိုလျှင်

## ကရင်ပြည်နယ်

၁။ အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများကြားရှိ ပဋိပက္ခသည် ကရင်ပြည်နယ်တွင် ဖွံ့ ဖြိုးရေးလုပ်ငန်းလုပ်ကိုင်ရန် ခက်ခဲစေပါသည်။ ၂၀၁၄ခုနှစ်တွင် LWF သည် ကွင်းဆင်းလုပ်ကိုင်ခွင့်ရရန် ၄င်း အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများ၊ သဘောတူညီမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ရပါသည်။



လက်ရှိတွင် မင်းတပ်နှင့် မတူပီမြို့နယ်ချင်းဆက်လမ်းများကို ချဲ့နေသဖြင့် LWF ၏စီမံကိန်းရွာများသို့ သွားလာခြင်း ပိုမိုလွယ်ကူလာစေပါသည်။


ဖျာပုံမြို့နယ် စာဖြူစုရွာတွင် ကယ်ဆယ်ရေးသင်တန်းပေးနေစဉ်။


ကရင်ပြည်နယ်တွင် ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်ခြင်း


ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အုန်းတော်ကြီး တောင်စခန်းသည် ရာပေါင်းများစွာသော မိသားစုဝင်များအတွက် ယာယီနေထိုင်ရာနေရာအဖြစ် တည်ရှိနေသည်မှာ ၂နှစ်ခန့် ရှိပြီ ဖြစ်ပါသည်။

၂။ ကရင်ပြည်နယ်ရှိ အဖွဲ့အစည်းများ၏ မြေမြုပ်မိုင်းလက်ချက်သည် ဝန်ထမ်းများအတွက် ကြီးမားသည့် အန္တရာယ်တစ်ခုဖြစ်ပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်တာကို ကန့်သတ်နေသည့် အချက်တစ်ချက်ဖြစ်ပါ သည်။

## ချင်းပြည်နယ်

၁။ ဝေးလံသည့်အရပ်တွင်ရှိသော မိတ်ဖက်အိမ်ထောင်စုများသို့သွားလာရေးသည့် ကြမ်းတမ်းခက်ခဲပါသည်။ လမ်းများသည် အလွန်ကျဉ်းမြောင်း ၍ အများစုမှာ ကားလမ်းပင်မပေါက်ပါ။ မိုးတွင်းတွင်သွားလာ၍ မရသည်အထိ လမ်းအခြေအနေ ဆိုးပါသည်။

၂။ ဒေသတွင်း စာသင်ကျောင်း အရေအတွက် နည်းပါးသဖြင့်စာမတတ်သည့်ဦးရေမှာ မြင့်မားလျက် ရှိပါသည်။ သို့ ဖြစ်၍ ဖွံ့ဖြိုးရေးဆိုင်ရာ လမ်းစဉ်ကို နားလည်ရန် ဒေသခံများအတွက် အခက်အခဲ ရှိပါသည်။

## ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ

၁။ ယခင် ငွေစုငွေချေး လုပ်ကိုင်ခဲ့သည့် အဖွဲ့အချို့သည် ငွေကြေးလည်ပတ်မှုကို ကောင်းကောင်းမထိန်းချုပ်နိုင်ခဲ့ပါ။ ချေးငွေပြန်မဆပ်နိုင်သည့် အဖြစ်များ ယခင်ကရှိခဲ့သဖြင့် နောက်ပိုင်း ဖွဲ့စည်းသည့် ငွေစုငွေချေးစနစ်တွင်ပါဝင်ရန် ရွာသားများ တွန့်ဆုတ်နေကြပါသည်။

၂။ လုပ်သားပြောင်းရွှေ့မှုမြန်ဆန်ခြင်းသည် LWF ၏ ဖွံ့ ဖြိုးရေးလုပ်ငန်းစဉ်ကို နောက်ပြန်ဆွဲနေပါသည်။ အဖွဲ့အစည်းမှသင်တန်းတက်ရောက်ထားသည့် ရွာသားများ မြို့တက်အလုပ်လုပ်ကိုင်ကြခြင်းသည် ရွာတွင် လုပ်ငန်းကွင်းဆက် ပြတ်စေပါသည်။

## ရခိုင်ပြည်နယ်

၁။ ရခိုင်ပြည်နယ်ရှိ ဒေသတွင်းပဋိပက္ခအခြေအနေပါ်မူတည်၍ အဖွဲ့အစည်းများအနေဖြင့် လူသားများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ရှုထောင့်ပေါင်းစုံမှ အလိုက်သင့် ဆောင်ရွက်နေရပါသည်။

၂။ ပဋိပက္ခပိုမိုမကြီးထွားလာရေးအတွက် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို မျှမျှတတ ဖြစ်အောင်ဆောင်ရွက်ရပါသည်။

၃။ မတ်လ ၂၀၁၄ခုနှစ်တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများပေးနေသည့် အဖွဲ့အစည်းများသည် ဒေသခံအချို့၏ တိုက်ခိုက်ဖျက်စီးမှုကိုခံခဲ့ရပါသည်။ အဖွဲ့အစည်း (၃၃)ဖွဲ့၏ ရုံးအဆောက်အအုံများ၊ ဂိုဒေါင်များနှင့် အဖွဲ့အစည်း (၁၄)ဖွဲ့၏ ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ LWF စစ်တွေရုံးလည်း အကြမ်းဖက်မှုကြောင့် ပျက်စီးခဲ့သဖြင့် စီမံချက်များကို ခဏတာ ရပ်ဆိုင်းခဲ့ရပြီး ဝန်ထမ်းများ အန္တရာယ်ကင်းစွာဖြင့် နေရပ်သို့ ပြန်လာနိုင်ခဲ့ပါသည်။ ဧပြီလလယ်တွင် လုပ်ငန်းများ ပြန်လည်စတင်ပြီး ရုံးကို ဘေးကင်းရာ နေရာသစ်သို့ ရွှေ့ပြောင်းခဲ့ ပါသည်။

၄။ ဒေသတွင်း ခရီးသွားလာခွင့်များ တားမြစ်မှုရှိပြီး သက်ဆိုင်ရာအစိုးရဌာနသို့ ခရီးသွားလာခွင့်ခွင့်ပြုချက်ရရှိရန် တင်ပြသည့် လုပ်ငန်းစဉ်မှာ မျှော်မှန်းထားသည်ထက် ကြာမြင့်ပါသည်။ ■



ဓာတ်ပုံမူပိုင်ခွင့်

© LWF ဝန်ထမ်း - စာမျက်နှာ ၅၊ ၉၊ ၁၀၊ ၁၉၊ ၂၃၊ ၂၄၊ ၃၁၊ ၃၂
© မာတင်ဆလစ်ဖ် - ရှေ့ဖုံး၊ နောက်ဖုံး၊ မာတိကာ၊ စာမျက်နှာ ၄၊ ၅၊ ၁၁၊ ၁၅၊ ၂၂၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉
© သူသူစံ - စာမျက်နှာ ၁၇၊ ၁၈၊ ၂၀၊ ၂၁
© ဖေကိုဦး - စာမျက်နှာ ၈၊ ၁၂၊ ၁၃၊ ၁၄
© FCA - စာမျက်နှာ ၃၂

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ယာယီရွှေ့ပြောင်းစခန်းတွင် အမျိုးသမီးငယ်တစ်ဦးနှင့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်ခံစားလွယ်သူများ၏ လူ့အခွင့်အရေးကို မြှင့်တင်စောင့်ရှောက်ပေးကြစို့။

THE LUTHERAN WORLD FEDERATION

actalliance